# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၈ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၅၉)


# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့်**
**CRPH နှင့် CRPH ကဖွဲ့စည်းသည့်**
**အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့်ဥပဒေနှင့် ဆန့်ကျင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ထူးခြားသည့် နေ့အပူချိန်များ

၇-၃-၂၀၂၁

| | | |
|---|---|---|
| ချောက်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ်စီ |
| အောင်လံမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ်စီ |
| ဘားအံမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ်စီ |
| မြဝတီမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ်စီ |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | |
|---|---|---|
| ပူတာအိုမြို့ | ၀ | ဒသမ ၃၁ လက်မ |
| မချမ်းဘောမြို့ | ၀ | ဒသမ ၁၆ လက်မ |
| ခန္တီးမြို့ | ၀ | ဒသမ ၀၈ လက်မ |

**ခရီးသွားပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ခရီးသွားလာပါက ခရီးသွားနှင့် လုပ်ငန်းရှင်များအနေဖြင့် အထိုက်အလျောက်အကျိုးရှိမည်**


ပြည်တွင်းသတင်း - စာ-၄




ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တပ်နယ် ပုသိမ်မြို့ နယ်မြေခံဆေးတပ်ရင်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ဆေးကုသမှုခံယူနေကြစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မတ် ၇

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၅၃၂၇၉ ဦး၊ အတွင်းလူနာ ၃၆၄၄ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း

# ပြန်လည်နိုးထလာမည့် ဟိုတယ်/ခရီးသွားလုပ်ငန်းများ

နိုင်ငံတစ်ဝန်းတွင်ရှိနေသည့် ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားနှင့်ဆက်စပ်နေသည့် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။ ဤသည်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ ပြည်တွင်းသို့ ဝင်ရောက်ကူးစက်လာချိန်မှစ၍ မိမိတို့နေထိုင်ရာဒေသများထဲမှာသာ ပိတ်မိနေခဲ့သည့် ခရီးသွားအပန်းဖြေလိုသူ ပြည်သူများနှင့် ဟိုတယ်/ ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့် သက်မွေးဝမ်းကျောင်းပြုနေသူများ အားလုံး မျှော်လင့်နေကြသည့် မင်္ဂလာသတင်းပင်ဖြစ်သည်။

ပုံမှန်အားဖြင့် ဒီဇင်ဘာ ကျောင်းပိတ်ရက်များ၊ နွေကျောင်းပိတ်ရက်များနှင့် ရုံးပိတ်ရက်ရှည်ကာလများသည် ရာသီဥတုခြောက်သွေ့ကောင်းမွန်ပြီး ပြည်တွင်းခရီးသွားလုပ်ငန်းများ အလုပ်ဖြစ်ကြသည့်ကာလများ ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစတင်ဖြစ်ပွားလာခဲ့ပြီးနောက် ယမန်နှစ် မတ်လအတွင်း ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ ပိတ်ခဲ့ရသည်။ ယင်းနောက် လေးလခန့်အကြာတွင် ကိုဗစ်-၁၉ တားဆီး ကာကွယ် ထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခဲ့ပြီး ယင်းစည်းကမ်းချက်များနှင့် ကိုက်ညီသည့် ဟိုတယ်လုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးခဲ့သည်။ တစ်ဖန် ကိုဗစ်-၁၉ ကူးစက်မှုလှိုင်း ပြန်လည်မြင့်တက်လာမှုကြောင့် ဟိုတယ်/ခရီးသွားလုပ်ငန်းများ ပြန်လည်ရပ်ဆိုင်းခဲ့ရပြန်သည်။ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ ထက်ဝက်ခန့်သာ လုပ်ငန်းရပ်တန့်မသွားအောင် ကျားကန်လည်ပတ်ဖွင့်လှစ် လုပ်ကိုင်ခဲ့ကြရပြီး ကျန်ထက်ဝက်ခန့်မှာ ပိတ်ထားခဲ့ကြရသည်။

ဟိုတယ်လုပ်ငန်းများ ပိတ်လိုက်ရခြင်းကြောင့် ဝန်ထမ်းများ သောင်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်သွားခဲ့ကြသည်။ ဟိုတယ်/ခရီးသွားလာရေးလုပ်ငန်းနှင့် ဆက်စပ်၍ အသက်မွေးနေကြရသည့် အမှတ်တရပစ္စည်းရောင်းချသူများ၊ အငှားယာဉ်၊ စက်လှေ၊ မြင်းလှည်း၊ လျှပ်စစ်ဆိုင်ကယ်လုပ်ငန်းလုပ်ကိုင်သူများ၊ အစားအသောက်ရောင်းချသူများ၊ စကားပြန်များ၊ လမ်းပြများ၊ ဆို၊ က၊ တီး ဖျော်ဖြေသူများမှာလည်း သိန်းနှင့်ချီ၍ အခက်အခဲ၊ အကျပ်အတည်းများ ကြုံတွေ့ခဲ့ကြရသည်။ ကိုဗစ်-၁၉ ကြောင့် အထိနာသည့်လုပ်ငန်းများတွင် ထိပ်ဆုံး၌ပါဝင်သည့် ဟိုတယ်/ခရီးသွားလုပ်ငန်းများကို ကူညီပံ့ပိုးမှုအဖြစ် ၁ ရာခိုင်နှုန်း အတိုးနှုန်းဖြင့်ချေးငွေများ ထုတ်ချေးပေးခဲ့ရာ ပြန်ဆပ်ရမည့်ကာလဖြစ်သော တစ်နှစ်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ရာ လုပ်ငန်းများ မလည်ပတ်နိုင်သေးသည့်အတွက် ပြန်လည်ပေးဆပ်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်နေကြကြောင်းလည်း ကြားသိရသည်။

ယခုအခါ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုလျော့ကျလာသည့် အရိပ်လက္ခဏာများ တွေ့ရှိရခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများလည်း ပြုလုပ်နေပြီဖြစ်ခြင်းတို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ပြည်တွင်းဈေးကွက်အတွက်ဦးတည်၍ ပြန်လည်စတင်ရန် ကြိုးပမ်းဆောင်ရွက်လာခြင်းလည်း ဖြစ်သည်။ ကာလအတန်ကြာ ရပ်နားထားခဲ့ရသည့်လုပ်ငန်းများကို ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုတားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ကြရမည် ဖြစ်သည့်အတွက် ဟိုတယ်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမှုများ၊ ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ဟိုတယ်များကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မွမ်းမံပြင်ဆင်မှုများ မဖြစ်မနေပြုလုပ်သွားကြရမှာလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် ကာလအတန်ကြာ ဆက်လက်တည်ရှိနေဦးမှာဖြစ်သည့်အတွက် လူတိုင်းလူတိုင်း ရောဂါမကူးစက်စေနိုင်မည့် နည်းလမ်းများကို ကျင့်သုံးကာ ကိုဗစ်-၁၉ နှင့် ယှဉ်တွဲနေထိုင်သွားကြရဦးမှာဖြစ်သည်ဟု ဆေးပညာရှင်များက ပြောကြားထားသည်။ ကိုဗစ်-၁၉ ရောဂါကမ္ဘာပေါ်မှ ပျောက်ကွယ်မသွားမချင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စအဝဝတို့ကို ရပ်ဆိုင်းထားရန်မှာလည်း ဖြစ်နိုင်မည်မဟုတ်။ အခွင့်အလမ်းသာသည်နှင့်အမျှ လုပ်ငန်းများ ပြန်လည်စတင်ကြရမည်သာဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ပြည်တွင်းခရီးစဉ်များမှ ပြန်လည်စတင်ဆောင်ရွက်မှုများ အောင်မြင်မှုရရှိစေရန် ဆန္ဒပြုအပ်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆:၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

## မွန်ပြည်နယ် သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချ

နေပြည်တော် မတ် ၇

မွန်ပြည်နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုများနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးနှုန်းသက်သာသော ငါးများကို အသင်းသားပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်ရန်အတွက် မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ငါးပြား၊ ငါးရွှေ၊ ငါးပုတ်သင်၊ ငါးပြက်၊ ငါးကြင်း၊ ရွှေငါးကြီး၊ ငါးဖယ်၊ ငါးရံ့၊ ငါးရောင်၊ ငါးပုဏ္ဏား၊ ငါးခူ၊ ကဘီလူးနှင့် ငါးသလောက် စသည့် ငါးမျိုးစုံ ငါးပိဿာချိန် ၁၁၀၀၀ ကျော်ကို ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီလကုန်အထိ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ဆက်လက်၍လည်း အသင်းသားပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သမဝါယမဦးစီးဌာန**



# ဆူပူဆန္ဒပြမှုများကို အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမ ရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ် ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကျပ်အတည်း ထိန်းချုပ်မှု၊ တခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ် ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက် သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံဖြတ်ကျော်မှုခင်းများတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် နည်းပညာအကူအညီများ ဆွေးနွေး

**နေပြည်တော် မတ် ၇**

ဂျပန်နိုင်ငံ ကျိုတိုအပြည်ပြည်ဆိုင်ရာ ညီလာခံစင်တာ၌ ကျင်းပသော 14th United Nations Congress on Crime Prevention and Criminal Justice သို့ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

ညီလာခံသို့ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရှင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြစ်မှုဆိုင်ရာ တရားမျှတမှုတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ဘက်ပေါင်းစုံချဉ်းကပ်မှု၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစသည့် နိုင်ငံဖြတ်ကျော် မှုခင်းများတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများနှင့် နည်းပညာ အကူအညီများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**











## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

✻ *ရှေ့ဖုံးမှ*

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၂၃၄၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၅၁ ဦး စုစုပေါင်း ၃၅၉၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၃၃၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၀၃၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၃၇၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခရီးသွားပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ခရီးသွားလာပါက ခရီးသွားနှင့် လုပ်ငန်းရှင်များအနေဖြင့် အထိုက်အလျောက်အကျိုးရှိမည်




**နေပြည်တော် မတ် ၇**

ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ Aureum Place Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) နှင့်မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)တို့မှ နာယက၊ ဥက္ကဋ္ဌများနှင့် ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကိုဗစ်-၁၉ ကြောင့် အခြားသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် လုပ်ငန်းနယ်ပယ်များတွင် များစွာထိခိုက်နစ်နာခဲ့ရပြီး ခရီးသွားလုပ်ငန်း၏ သက်ရောက်မှုသည် Multiplier Effect ဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းရပ်တန့်မှုနှင့်အတူ အခြားသော ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဟိုတယ်၊ စားသောက်ဆိုင်၊ ဧည့်လမ်းညွှန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှအစ ခေါင်းရွက်ဗျပ်ထိုးဈေးသည်အဆုံး ထိခိုက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ဆုံးရှုံးမှုများကို အမြန်ဆုံးကုစားဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တစ်ပြေးညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ခရီးသွားလာရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း မပေါ့မလျော့ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန်တွင် ခရီးသွားပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ခရီးသွားလာပါက ခရီးသွားနှင့် လုပ်ငန်းရှင်များအနေဖြင့် အထိုက်အလျောက်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအပါအဝင် လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များမှ နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း။

**ခရီးစဉ်ဒေသသစ်များ ရှာဖွေ**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ချင်စိတ် ဖြစ်ပေါ်အောင် ရှိပြီးသည့်ခရီးစဉ်ဒေသများကို အဆင့်မြှင့်တင်ဆောင်ရွက်သကဲ့သို့ ခရီးစဉ်ဒေသသစ်များ ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နိုင်ရန် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များမှ လုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးရန် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းပြန်လည်စတင်ရာတွင် ကိုဗစ်-၁၉ သတ်မှတ်ချက်များနှင့်အညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးခံနိုင်ရန် ဆောင်ရွက်မည့် အချက်များနှင့် ခရီးသွားများဆွဲဆောင်မှုရှိစေရန် ဆောင်ရွက်ရမည့် အခြေအနေများနှင့် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက (Destination Management Organization-DMO) ဖွဲ့စည်းထားရှိမှု၊ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘုရားများ ပြန်လည်ဖွင့်လှစ်ထားရှိမှု၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ထားရှိမှုနှင့် ဟိုတယ်များ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးတင်ပြသည်။

**ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများမှ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်လိုမှု၊ ရာသီအလိုက် ပွဲတော်များဆောင်ရွက်လိုသည့်အခြေအနေ၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းဖွင့်လှစ်ပေးစေလိုသည့် အခြေအနေ၊ Golf Tour နှင့် Trekking Tour များ ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများ အသီးသီး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နန်းမြိုင်ဟိုတယ်သို့ သွားရောက်ကြည့်ရှုပြီး ဟိုတယ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဖွင့်လှစ်လျက်ရှိသော ကန်တော်ကြီး အမျိုးသားရက္ခဗေဒဥယျာဉ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်း ပန်းအလှပင်များ လှပဝေဆာစွာ စိုက်ပျိုးထားရှိမှုနှင့် ဥယျာဉ်စိမ်းလန်းစိုပြည်စွာ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြသခဲ့ပြီး ဥယျာဉ်အတွင်းရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ သစ်ခွပြတိုက်နှင့် လိပ်ပြာပြတိုက်တို့အား လှည့်လည်ကြည့်ရှုသည်။(**အပေါ်ပုံ**)

ထို့နောက် Hotel Pyin Oo Lwin ကို ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင် သွားရောက်ဖူးမြော်

**နေပြည်တော် မတ် ၇**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်သည် ယနေ့ နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့်တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့၊ ပျဉ်းမနားမြို့နှင့် တပ်ကုန်းမြို့များရှိဘုန်းတော်ကြီးကျောင်းတိုက်များသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ အမှတ် (၆)ရပ်ကွက် ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အရှင်သူမြတ်ထံသို့လည်းကောင်း၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံသို့လည်းကောင်း၊ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်ရှိမဟာသီဟနာဒတိုက် ပဓာန နာယကဆရာတော် သာသနဓဇဓမ္မာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အရှင်သူမြတ်ထံသို့လည်းကောင်း။

**ဆက်ကပ်လှူဒါန်း**

ရွှေအင်းရိပ်သာစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အရှင်သူမြတ်နှင့် နေပြည်တော်တိုင်းသံဃနာယက ဥက္ကဋ္ဌ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အရှင်သူမြတ်များထံသို့ လည်းကောင်း သွားရောက်ဖူးမြော်ပြီး ဆရာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ **(အပေါ်ပုံ)** ဆရာတော် အရှင်သူမြတ်များက ဟောကြားတော်မူသော ဩဝါဒကထာ နာယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သွားရောက်ဖူးမြော်ကြည်ညို

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးမျိုးအောင်၊ ဦးသိန်းငွေ၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်တို့နှင့်အတူ ချမ်းအေးသာစံမြို့နယ် ၆၈ လမ်း၊ ၃၁လမ်းနှင့် ၃၂ လမ်းကြားရှိ မဟာဝိဇိတာရုံကျောင်းတိုက်သို့ ယနေ့ နံနက် ၈ နာရီက သွားရောက်၍ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယက၊ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဆရာတော်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ရှိသူများနှင့်အတူ မဟာဝိဇိတာရုံကျောင်းတိုက် အတွင်းရှိ အဝင်လမ်းများအား နိုင်လွန်ကတ္တရာလမ်းခင်းနိုင်ရေးအတွက် လိုက်လံကြည့်ရှုကာ လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ မဟာဝိဇိတာရုံကျောင်းတိုက် အဝင်လမ်းများအား နိုင်လွန်ကတ္တရာလမ်းခင်းရန် ယခင်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားခဲ့မှုအပေါ် ဆရာတော်ကြီးက ထပ်မံဩဝါဒပြုသဖြင့် အရှည် ပေ ၁၂၀၀ နိုင်လွန်ကတ္တရာလမ်းအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ခင်းကျင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မတူကွဲပြားမှု၏ အလှတရား

*ထွန်းထွန်း (ခရေရိပ်)*

**Diversity is beauty ဆိုတဲ့ စကားစုကို ကျွန်တော် ရင်းနှီးလာခဲ့တာ မှတ်မှတ်ရရဆိုရင် ၂၀၁၁ ခုနှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ လွယ်လွယ်ကူကူ မှတ်သားလိုက်တာကတော့ မတူကွဲပြားမှုတွေဟာ အလှတရားပဲဖြစ်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ဖြတ်သန်းလာတဲ့ အတွေ့အကြုံ ဘဝပေးအခြေအနေတွေအပေါ် မူတည်ပြီး အသိအမြင်တွေ၊ ခံယူချက်တွေက မတူညီနိုင်ပါဘူး။**

ဒီလိုပါပဲ နိုင်ငံတစ်ခုနဲ့တစ်ခုလည်း ရေမြေတောတောင်၊ ပထဝီအနေအထားတွေ၊ တည်နေရာတွေ၊ မဟာဗျူဟာအနေအထားအရ အရေးပါမှုတွေ မတူညီနိုင်ပါဘူး။ နောက်ခံအကြောင်းတရားတွေအရလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတွေကလည်း အမျိုးမျိုးကွဲပြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံကို မလွှဲသာ မရှောင်သာ အခြေအနေတွေကြောင့် ဖေဖော်ဝါရီလဆန်းက စတင်ပြီး တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ရပါတယ်။ ထိုကာလနောက်ပိုင်း နိုင်ငံအနှံ့အပြားမှာ ဆန္ဒပြမှုတွေ၊ ဆူပူအုံကြွမှုတွေ ပေါ်ပေါက်လာပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် နိုင်ငံ့ဝန်ထမ်းအချို့အာဏာဖီဆန် ရေးလှုပ်ရှားမှု CDM မှာ ပါဝင်လာကြပါတယ်။

### ရုပ်သေးရုပ်လို လိုရာကြိုးဆွဲကခိုင်း

ပိုစတာတွေကိုင်ကာ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေကို လက်သီးလက်မောင်းတန်းပြီး အော်ဟစ်နေကြတဲ့ လူငယ်တွေကိုလည်း ရန်ကုန်အပါအဝင် မြို့ကြီးများရဲ့ လမ်းမတွေပေါ်မှာ မြင်တွေ့နေရပါတယ်။ ဒါပေမယ့် သူတို့ကို လမ်းလွဲအောင် အသိမှား၊ အမှတ်မှားတွေရိုက်သွင်းပြီး ရုပ်သေးရုပ်လို လိုရာကြိုးဆွဲ ကခိုင်းလို့ရအောင် ဖန်တီးနေသူတွေလည်း ရှိနေပါတယ်။

ဝန်ထမ်းတွေ အားလုံး CDM လှုပ်ရှားမှုမှာ ပါဝင်ပြီဆိုရင် အစိုးရရဲ့ ယန္တရားတစ်ခုလုံး ရပ်ဆိုင်းသွားပြီး နွေဦးတော်လှန်ရေးဟာ အောင်မြင်ပြီလို့ ယူဆနေကြပါတယ်။ ဆန္ဒပြလို့ အောင်မြင်တယ်ဆိုတာ အခွင့်အရေးတစ်ခုအတွက်၊ လူတစ်စု၊ အဖွဲ့အစည်းတစ်ခုအတွက် ဖြစ်နိုင်ပေမယ့် နိုင်ငံတစ်ခုအနေနဲ့ကတော့ ဒီလောက်မလွယ်ကူပါဘူး။

တူနီးရှားနိုင်ငံမှာ ၂၀၁၁ ခုနှစ်က သစ်သီးရောင်းသူတစ်ဦးက စီးပွားရေးကျပ်တည်းတဲ့ဒဏ်ကို မခံနိုင်တဲ့အတွက် ဆန္ဒပြတဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် မီးရှို့ပြီး အဆုံးစီရင်ရာမှ တူနီးရှားနိုင်ငံရဲ့ နွေဦးတော်လှန်ရေး လူထုလှုပ်ရှားမှု စတင်ခဲ့ပါတယ်။ အလုပ်လက်မဲ့မှု၊ ကုန်ဈေးနှုန်းမြင့်မားမှု၊ အဂတိလိုက်စားမှု၊ လွတ်လပ်စွာ ပြောဆိုခွင့်မရှိမှု၊ ဆင်းရဲနွမ်းပါးမှု စတဲ့ အကြောင်းရင်းတွေကြောင့် ဆန္ဒပြမှုတွေ စတင်ခဲ့တာ ဖြစ်ပါတယ်။

စံပယ်တော်လှန်ရေး (Jasmine Revolution) လို့လည်း အမည်တွင်ခဲ့ပြီး နှစ်ပေါင်းများစွာ စိုးမိုးအုပ်ချုပ်ခဲ့တဲ့ အာဏာရှင်သမ္မတဘင်အလီကို

> **“မတူညီနိုင်တာတွေကို အလှတရားအဖြစ် နားလည်လက်ခံပေးရမှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုတွေကို တန်ဖိုးထားပြီး ရန်သူဆိုရင်လည်း မိတ်ဆွေအဖြစ် ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါတယ်”**

ရက်ပေါင်း ၂၈ ရက်နဲ့ ဖြုတ်ချနိုင်ခဲ့ပါတယ်။ ထိုအာရပ်တော်လှန်ရေးက အိမ်နီးချင်းနိုင်ငံ အီဂျစ်၊ ယီမင်၊ လစ်ဗျားနဲ့ ဆီးရီးယားနိုင်ငံတွေကိုလည်း ပျံ့နှံ့သွားခဲ့ပြီး အာရပ်ကမ္ဘာတစ်လွှား ကူးစက်ခဲ့တဲ့ လူထုအုံကြွမှု တော်လှန်ရေးတစ်ခုဖြစ်ပါတယ်။

အာရပ်နွေဦး လှိုင်းဂယက်ကြောင့် တူနီးရှားနဲ့ အီဂျစ်နိုင်ငံတို့မှာ အာဏာရှင်စနစ်ကို တွန်းလှန်နိုင်ခဲ့တယ်ဆိုပေမယ့် အများစု လိုလားတောင့်တနေတဲ့ အဆင့်မီတဲ့ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအဖြစ် ထူထောင်နိုင်ခြင်း မရှိခဲ့ပါဘူး။

တူနီးရှားနိုင်ငံရဲ့ နွေဦးတော်လှန်ရေး လူထုလှုပ်ရှားမှုတွေမှာကဲ့သို့ ဆန္ဒပြမှုတွေ၊ သပိတ်မှောက်မှုတွေ၊ စိတ်ဓာတ်းလှည့်လည်မှုတွေ လူမှုကွန်ရက်ကို အသုံးချပြီး ဆက်သွယ်စည်းရုံးလှုံ့ဆော်တာကို လုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံက G-Z တွေအဖို့တော့ အားတက်စရာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အာဖရိကမြောက်ဘက်အကျဆုံး နိုင်ငံငယ်တစ်ခုဖြစ်တဲ့ တူနီးရှားနဲ့ အာရှရဲ့ မဟာဗျူဟာမြောက်အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတဲ့ မြန်မာနိုင်ငံကတော့ နောက်ခံအကြောင်းတရားတွေရော၊ အခြေအနေချင်းရော ကွာခြားလှပါတယ်။

### နိုင်ငံရေးယဉ်ကျေးမှု

မညီညွတ်တဲ့ လူ့ဘောင်အဖွဲ့အစည်းက မငြိမ်းချမ်းနိုင်သလို ငြိမ်းချမ်းမှုမရှိရင်လည်း ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လက်တွေ့မဖြစ်ပေါ်နိုင်ပါဘူး။ ရန်သူကို မိတ်ဆွေတွေဖြစ်အောင်၊ ဆန့်ကျင်ဘက် သဘောထားအမြင်တွေကို ညီညွတ်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံရေး ယဉ်ကျေးမှု ဖြစ်ပါတယ်။

မတူညီနိုင်တာတွေကို အလှတရားအဖြစ် နားလည်လက်ခံပေးရမှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုတွေကို တန်ဖိုးထားပြီး ရန်သူဆိုရင်လည်း မိတ်ဆွေအဖြစ် ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါတယ်။

မိမိနဲ့အယူအဆ၊ သဘောထားမတူသူတွေကိုလည်း ကွဲလွဲခွင့်ပေးရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရမှာ မတူကွဲပြားမှုတွေကို အင်အားအဖြစ် စုစည်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်နဲ့ အောင်မြင်မှုရအောင် စုပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မတူညီတဲ့ သဘောထားအမြင်တွေကို အတိုးအလျော့ အပေးအယူ ဆွေးနွေးညှိနှိုင်းတဲ့ နည်းနဲ့သာ အဖြေရှာရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ ပတ်သက်ရင်ဖြစ်စေ၊ ဖက်ဒရယ်နဲ့ ပတ်သက်ရင် ဖြစ်စေ ဘယ်လိုပင် အယူအဆအမျိုးမျိုးတွေ ကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီဆိုတဲ့အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ ဆန္ဒကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။

မိမိဆန္ဒနဲ့ မကိုက်ညီတိုင်း ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို သဘောထားပြီး ခွဲခြားဆက်ဆံတာမျိုး၊ လူမှုရေးအရ ပြစ်ဒဏ်ခတ်တာမျိုး၊ လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားတာမျိုးတွေက ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားတဲ့ အတွေးအခေါ်တွေသာဖြစ်ပြီး ဒီမိုကရေစီနဲ့ ကိုက်ညီမှုမရှိတာကို တွေ့ရပါတယ်။

ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုကို ဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေကို မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

> **“ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ ပတ်သက်ရင်ဖြစ်စေ၊ ဖက်ဒရယ်နဲ့ပတ်သက်ရင်ဖြစ်စေ ဘယ်လိုပင် အယူအဆအမျိုးမျိုးတွေ ကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီဆိုတဲ့အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားရမှာ ဖြစ်”**

### ပေါင်းစည်းခြင်းနဲ့ သဟဇာတဖြစ်မှု

ဖက်ဒရယ်စနစ်နဲ့ ပတ်သက်ပြီး မိမိတို့ လိုရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုး ဖွင့်ဆိုပြီး ပြောဆိုနေကြသော်လည်း အနှစ်သာရအနေနဲ့ ပေါင်းစည်းခြင်းနဲ့ သဟဇာတဖြစ်မှုပဲ ဖြစ်ပါတယ်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးမှာ ထည့်သွင်းပြောကြားခဲ့တာကို အမှတ်ရမိပါတယ်။

ယနေ့ ပြည်သူတို့အလိုအပ်ဆုံးကား ညီညွတ်ရေး၊ ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ ချစ်ခြင်း၊ မုန်းခြင်း မတူကွဲပြားမှုတွေနဲ့ ဘယ်လိုပင်ပေါင်းစည်းနေပေမယ့် တူညီတဲ့ ဘုံမျှော်မှန်းချက်က ငြိမ်းချမ်းခြင်းပင် ဖြစ်ပါတယ်။

ဆရာကြီး ဒဂုန်တာရာရဲ့ ၁၉၈၁ ခုနှစ် အောက်တိုဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ရေးဖွဲ့ခဲ့တဲ့ **အချစ်နှင့် အမုန်း** ကဗျာမှာတော့

**“ပျိုးသော သစ်ပင်**
**ရှင်သန်သောအခါ၊ မြေမှာပေါက်လာ**
**ဖူးညှာသီးဆင့်၊ အပွင့်ခိုင်တွဲ**
**ကြဲသောမျိုးကို ခူးရမြဲ။**
**အမုန်းပင်ကို**
**စိုက်လိုမှုကား၊ ဝန်တိုငြူစူ**
**မကြည်ဖြူစတမ်း၊ ဆိုးသွမ်းရက်စက်**
**ညှဉ်းပန်းလေရာ၊ လိမ်ညာဖုံးဖိ**
**လုယက်သတ်ဖြတ်၊ သူ့အားရှုံ့ရှာ**
**မေတ္တာကင်းပ၊ မဲ့ကြရွဲ့ကြ ကဲ့ရဲ့ကြ**
**ရန်သူကပိုင်း၊ တစ္ဆေသင်္ချိုင်း**
**တောရိုင်း ကန္တာရ ခြောက်သွေ့လှသည်**
**သူ့သာ အထီးကျန်။**
**အချစ်ပင်ပျိုး**
**စိုက်ပျိုးသူကား၊ သနားကြင်နာ**
**ညှာတာသည်းခံ၊ စံလျှင်ဝေမျှ**
**ခံစရာရှိက၊ ရှေ့မှသူရပ်**
**မားမားမတ်သည်၊ အများပြည်သူ**
**လူတကာက၊ မြတ်နိုးခံရ**
**မေတ္တာခံရ၊ ရန်သူမရှိ**
**လိုလားသူသာ၊ ဝန်းရံကာလျက်**
**နှစ်သက်ခင်မင်၊ လွတ်လပ်ပျော်ရွှင်**
**စည်ပင်ဝပြော၊ လှပလန်းဆန်း**
**ငြိမ်းချမ်းသာယာ အေးမြမြဲ။**
**အမုန်းပင်မျိုး**
**သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်**
**မုန်းညှော်ကျွန့်ကြ၊ သူ့ဘဝ၏**
**ဓမ္မတရား၊ သင်ကြားခဲ့သည်**
**သင်ဘယ်သစ်ပင် စိုက်မည်နည်း ”။ ။**

ဆရာကြီးက ငြိမ်းချမ်းခြင်းဆိုတဲ့ ပန်းတို့ပွင့်ချိန်ကို မျှော်မှန်းတွေးခေါ်ကာ ရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာတရားကို ကိုယ်စားပြုကာ စိုက်ပျိုးမယ်ဆိုရင် ကမ္ဘာကြီးသည် အေးချမ်းသာယာလွတ်လပ်စွာနဲ့ တည်ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုသစ်ပင်မျိုးကို စိုက်ပျိုးမလဲဆိုတာတော့ ကိုယ်တိုင်သာ ရွေးချယ်ကြရမှာပဲ ဖြစ်ပါတယ်။ ။

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ



**နေပြည်တော် မတ် ၇**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီး ဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား COVID –19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်မှ မဟာနာယကဆရာတော်များ၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူး၊ ကထိက ဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ စာချ၊ စာသင်ဆရာတော်များ အမှူးပြုသော သံဃာတော်များ စုစုပေါင်း ၁၄၂ ပါးတို့ကို အဆိုပါ ကျောင်းတိုက်များအသီးသီး၌ တိုင်းစစ်ဌာနချုပ်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ မဲရုံပေါင်း ၈၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၇၅၇၉၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၇၃၆၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၈၄၃၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၇၄၄၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၇၄၄၈၀ | ၁၂၆၄၉၅ | ၄၇၉၈၅ | ၃၉၂၈၀ | ၈၇၀၅ | – |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၁၆ | ၈၆၅ | ၄၅၁ | ၈၁၆၇ | – | ၇၇၁၆ |
| | **စုစုပေါင်း** | **၁၇၅၇၉၆** | **၁၂၇၃၆၀** | **၄၈၄၃၆** | **၄၇၄၄၇** | **၈၇၀၅** | **၇၇၁၆** |

မဟာအောင်မြေမြို့နယ်၊ ရပ်ကွက် ၁၈ ရပ်ကွက်ရှိ မဲရုံ ၈၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၈၇၀၅ ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၅၁ ဖြစ်သော်လည်း မြေပြင်တွင် ၈၁၆၇ ကျန်ရှိနေသည်။ ယင်းတို့ အနက် ၇၇၁၆ မှာ အသစ်အတိုင်းဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းထက် ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ကြိုတင်မဲများတွင် အသုံးပြုထားသည့် မဲလက်မှတ်ဖြတ်ပိုင်း ၈၆၅ တွင် ၃၃၂ မှာ လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်၊ မဲရုံ အမှတ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအမည်များ ထည့်သွင်းရေးသားထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ရပ်ကွက် အမည် | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရှက်ရေ | မြေပြင် လက်ကျန် | ပျောက်ဆုံး | အပို |
|---|---|---|---|---|---|---|---|---|
| ၁ | ရဲမွန်တောင် ရပ်ကွက် | ၆ | ၁၂၀၅၀ | ၆၆၄၃ | ၅၄၀၇ | ၄၆၂၂ | ၇၈၅ | |
| ၂ | မဟာမြိုင်(၁) ရပ်ကွက် | ၅ | ၁၄၂၈၀ | ၁၀၁၂၈ | ၄၁၅၂ | ၃၁၇၂ | ၉၈၀ | |
| ၃ | မဟာမြိုင်(၂) ရပ်ကွက် | ၅ | ၉၆၅၀ | ၅၁၀၆ | ၄၅၄၄ | ၂၇၄၆ | ၁၇၉၈ | |
| ၄ | တက္ကသိုလ် ရပ်ကွက် | ၂ | ၂၈၀၀ | ၁၈၂၄ | ၉၇၆ | ၉၂၆ | ၅၀ | |
| ၅ | မဟာနွယ်စဉ် ရပ်ကွက် | ၅ | ၁၂၆၅၀ | ၇၂၅၈ | ၅၃၉၂ | ၃၃၄၂ | ၂၀၅၀ | |
| ၆ | စကြာနွယ်စဉ် ရပ်ကွက် | ၄ | ၇၉၅၀ | ၆၂၅၁ | ၁၆၉၉ | ၁၃၅၅ | ၃၄၄ | |
| ၇ | ဟေမမာလာ တောင်ရပ်ကွက် | ၂ | ၄၅၅၀ | ၃၂၅၀ | ၁၃၀၀ | ၁၂၀၀ | ၁၀၀ | |
| ၈ | ဟေမမာလာ မြောက်ရပ်ကွက် | ၃ | ၅၇၅၀ | ၄၃၇၃ | ၁၃၇၇ | ၁၂၈၃ | ၉၄ | |
| ၉ | ချမ်းမြသာစည် မြောက်ရပ်ကွက် | ၃ | ၇၂၀၀ | ၅၄၄၇ | ၁၇၅၃ | ၁၅၉၉ | ၁၅၄ | |
| ၁၀ | မဟာအောင်မြေ အရှေ့ရပ်ကွက် | ၃ | ၅၁၀၀ | ၃၈၅၁ | ၁၂၄၉ | ၁၂၀၄ | ၄၅ | |
| ၁၁ | မဟာအောင်မြေ အနောက်ရပ်ကွက် | ၃ | ၄၄၀၀ | ၃၆၀၁ | ၇၉၉ | ၆၀၃ | ၁၉၆ | |
| ၁၂ | ရတနာဘုမ္မိ အရှေ့ရပ်ကွက် | ၃ | ၄၆၅၀ | ၃၃၆၅ | ၁၂၈၅ | ၉၈၇ | ၂၉၈ | |
| ၁၃ | ရွှေဘုန်းရှိန် ရပ်ကွက် | ၃ | ၆၀၀၀ | ၄၇၁၆ | ၁၂၈၄ | ၁၂၃၈ | ၄၆ | |
| ၁၄ | ရတနာဘုမ္မိ အနောက်ရပ်ကွက် | ၃ | ၄၈၀၀ | ၃၇၉၀ | ၁၀၁၀ | ၉၆၃ | ၄၇ | |
| ၁၅ | သံလျက်မော် အရှေ့ရပ်ကွက် | ၁၁ | ၂၅၂၀၀ | ၁၈၉၆၆ | ၆၂၃၄ | ၅၈၇၆ | ၃၅၈ | |
| ၁၆ | သံလျက်မော် အနောက်ရပ်ကွက် | ၁၀ | ၂၂၉၀၀ | ၁၈၃၂၁ | ၄၅၇၉ | ၄၀၁၉ | ၅၆၀ | |
| ၁၇ | ဒေးဝန်းအရှေ့ ရပ်ကွက် | ၆ | ၁၀၃၅၀ | ၈၂၄၆ | ၂၁၀၄ | ၂၀၀၄ | ၁၀၀ | |
| ၁၈ | စိန်ပန်းရပ်ကွက် | ၇ | ၁၄၂၀၀ | ၁၁၃၅၉ | ၂၈၄၁ | ၂၁၄၁ | ၇၀၀ | |
| | **ရပ်ကွက်ချုပ် စုစုပေါင်း** | **၈၄** | **၁၇၄၄၈၀** | **၁၂၆၄၉၅** | **၄၇၉၈၅** | **၃၉၂၈၀** | **၈၇၀၅** | |
| | မြို့နယ် မဲလက်ကျန် | | ၁၃၁၆ | ၈၆၅ | ၄၅၁ | ၈၁၆၇ | | ၇၇၆ |
| | **မြို့နယ်ချုပ် စုစုပေါင်း** | | **၁၇၅၇၉၆** | **၁၂၇၃၆၀** | **၄၈၄၃၆** | **၄၇၄၄၇** | **၈၇၀၅** | **၇၇၁၆** |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် CDM တွင် မနစ်မွန်းစေရေး သတိပေးထုတ်ပြန်ချက်

**နေပြည်တော် မတ် ၇**

နိုင်ငံဝန်ထမ်းအများစုအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် CDM ၌ ပါဝင်ခြင်းမရှိဘဲ သစ္စာရှိရှိ ဆောင်ရွက်နေမှုအပေါ် ခြိမ်းခြောက် အကျပ်ကိုင် ဖိအားပေးမှုဖြစ်စဉ်တစ်ခုအား ဆိုရှယ်မီဒီယာမှတစ်ဆင့် မိမိကိုယ်မိမိ သုံးဌာန ခေတ္တဝန်ကြီးအဖြစ် သတ်မှတ်ထားသည့် ဆေးကုသမှုမရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုးက ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် တရားမဝင် ကြေညာချက်ထုတ်ပြန်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။

ဆေးပညာရှင် ဦးဇော်ဝေစိုး၏ CDM ၌ မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအား တရားမဝင် ခြိမ်းခြောက်ဖိအားပေးအကျပ်ကိုင်မှု ကြေညာချက်၌ CDM ၌ မပါဝင်သေးသည့် ဝန်ထမ်းများ ၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ည ၁၂ နာရီမတိုင်မီ နောက်ဆုံးထား၍ CDM ၌ ပါဝင်နိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပြီး CDM ၌ ပူးပေါင်းပါဝင်မှုမရှိပါက မတ်လ ၈ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကြေညာချက်သည် တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ် ခန့်အပ်ထားသည့် တရားမဝင် လူပုဂ္ဂိုလ်တစ်ဦးမှ တရားမဝင်အစိုးရလုပ်ပိုင်ခွင့်အသွင် နိုင်ငံတော်မှ တရားဝင်ခန့်အပ်ထားသည့် ဝန်ထမ်းတစ်ဦးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခွင့်ရှိသကဲ့သို့ ခြိမ်းခြောက်ထားခြင်း၊ CDM ၌ မပါမဖြစ် ပါဝင်လာစေရန် တစ်ဖက်မှလည်း ဖြားယောင်းစည်းရုံးခြင်း တွေ့ရှိရသည်။

ဖေဖော်ဝါရီလတွင် CDM စတင်ချိန်မှစ၍ ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် တရားမဝင် အဖွဲ့အစည်းအသီးသီးက ဆိုရှယ်မီဒီယာများမှတစ်ဆင့် CDM ၌ ပါဝင်ကြမည့် ဝန်ထမ်းများအား လစာပေးအပ်မည်၊ ဝန်ထမ်းအဖြစ် ထုတ်ပယ်ပါကလည်း အလုပ်ခန့်အပ်ပေးမည်၊ နေစရာ အစိုးရဝန်ထမ်းအိမ်ရာမှ ဖယ်ရှားခံရပါကလည်း နေစရာအိမ်ပေးမည် စသည်ဖြင့်အမျိုးမျိုးသော မက်လုံးပေးဆွဲဆောင်မှုများဖြင့် စည်းရုံးဆောင်ရွက်ခဲ့ရာ အစပထမအပိုင်း၌ နိုင်ငံ့ဝန်ထမ်းများ၏ ခန့်မှန်း ၃၀ ရာခိုင်နှုန်းမှာ CDM ၌ ပါဝင်ခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ CDM ၌ ပါဝင်သည့် ဝန်ထမ်းအချို့မှာလည်း မိမိတို့၏ မှားယွင်းသောလုပ်ရပ်ကို သိမြင်လာခြင်း၊ CDM ခေါင်းဆောင်ဆိုသူများ၏ အပြောနှင့်အလုပ် မညီမှုအပေါ် စိတ်ပျက်စိတ်ကုန်လာခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရုံးပြန်လည်တက်ရောက်ကြရေး သတိပေးနှိုးဆော်စာများ TV၊ သတင်းစာများမှတစ်ဆင့် ဖတ်ရှုရခြင်းတို့ကြောင့် မူလအလုပ်တာဝန်ဝတ္တရားများအား သတ်မှတ်အချိန်မီ ပြန်လည်

| စဉ် | မြို့/ဌာန | ဝန်ထမ်းဦးရေ | တစ်ဦးချင်းရရှိနှုန်းထား(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | တောင်ငူမြို့ | ၁၅၂၀ | ၃၀၀၀၀ | |
| ၂ | ဝမ်းတွင်းမြို့ | ၅၀ | ၅၀၀၀၀ | |
| ၃ | နတ်မောက်မြို့ | ၈ | ၂၅၀၀၀ | |
| ၄ | ဖားကန့်မြို့ | ၇၃ | ၁၀၀၀၀၀ | |
| ၅ | စစ်ကိုင်းမြို့ | ၁၃၀၀ | ၂၀၀၀၀၀ | |
| ၆ | တာချီလိတ်မြို့ | ၈၇ | ၁၀၀၀၀၀ | |
| ၇ | ညောင်ရွှေမြို့ | ၃၂ | ၇၀၀၀၀ | |
| ၈ | တောင်တွင်းကြီးမြို့ | ၉ | ၂၀၀၀၀၀ | |
| ၉ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်(သန်လျင်) | ၁၈၀ | ၇၀၀၀ | |
| ၁၀ | မကွေးတက္ကသိုလ် | ၁၃၄ | ၇၀၀၀ | |
| ၁၁ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ၆၃ | ၈၀၀၀ | |

ထမ်းဆောင်ခဲ့ကြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နိုင်ငံ့ဝန်ထမ်းများ လစာထုတ်ချိန်၌ CDM ၌ ဆက်လက်ပါဝင်နေကြသူများအနေဖြင့် မူလစည်းရုံးခံခဲ့ရချိန် ရရှိမည့်လစာနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဖုန်းနံပါတ်များနှင့် တရားမဝင်အသင်းအဖွဲ့များထံ စုံစမ်းမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

CDM ပါဝင်သူ ဝန်ထမ်းများအား ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် အဖွဲ့အစည်းမျိုးစုံတို့က အံ့မခန်းမက်လုံးပေး၍ စည်းရုံးမှုကြောင့် ပါဝင်လာခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းများ၏ အဓိကအကျဆုံး မှုရင်းလစာရရှိရေးကိစ္စ၌မူ CDM ပါဝင်သည့် ဝန်ထမ်းဟောင်းအချို့တို့မှာ ဖော်ပြပါ ပမာဏ ရရှိကြသော်လည်း CDM ဝန်ထမ်းများအတွက် အလှူငွေကောက်ခံသူ အဖွဲ့အစည်းအသီးသီးအနက် အချို့သောအလှူခံပုဂ္ဂိုလ်၊ တရားမဝင်အဖွဲ့အစည်းများမှလည်း အလှူရှင်အသီးသီးမှ ပေးပို့လာသည့် CDM အတွက် ထောက်ပံ့နေမှုများကိုလည်း အလွဲသုံးဆောင်ရွက်လျက်ရှိကြကြောင်း သိရှိရသည်။

နိုင်ငံ့ဝန်ထမ်း တစ်ဦးချင်းစီ၏ ရရှိသည့် အနိမ့်ဆုံး လစာနှုန်းထားမှာ တစ်သိန်း လေးသောင်းဖြစ်ပြီး ကျန်ဝန်ထမ်းများမှာလည်း အဆင့်လိုက် သတ်မှတ်လစာနှုန်းထား ရရှိကြသူများ ဖြစ်ပါသည်။ အထက်ဖော်ပြပါဇယားတွင် ရရှိသည့် အနိမ့်ဆုံးထောက်ပံ့ကြေးမှာ CDM တစ်ဦးလျှင် သုံးသောင်းခန့်သာရှိရာ နိုင်ငံတော်မှ သတ်မှတ်ထားသည့် နေ့စားအလုပ်သမားတစ်ဦး တစ်ရက် လေးထောင့်ရှစ်ရာကျပ်နှုန်းဖြင့် နှိုင်းယှဉ်ပါက CDM ဆောင်ရွက်သူများ၏ စည်းရုံးမှု၊ ဝါဒဖြန့်မှုနောက် CDM တွင် လိုက်ပါဆောင်ရွက်သူများ၏ မိသားစုစားဝတ်နေရေး ဘဝအခြေအနေမှာ များစွာစိတ်မကောင်းဖြစ်ဖွယ် ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

CDM ဆောင်ရွက်ရာတွင်လည်း ပါဝင်ပြီးပါက ပြန်လည်ထွက်ခွာမှု မရှိနိုင်စေရေး အချက် ၁၀ ချက်ပါ ဝန်ခံကတိအမျိုးမျိုး၊ CDM အဖွဲ့၏ သတ်မှတ်ပုံစံအမျိုးမျိုး ဖြည့်စွက်ရပြီး အထောက်အထားသိမ်းယူထားခြင်းဖြင့် CDM ပါဝင်သည့် ဝန်ထမ်းများအနေဖြင့် ဆုပ်လည်းဆူး၊ စားလည်းရူး ဖြစ်ရလျက် လက်တလော မိသားစုစားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်နေထိုင်ရေး၊ ရှေ့အနာဂတ်မှာ ပျက်သုဉ်းသွားမှုကိုလည်း စိတ်မကောင်းစွာ တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင် မိမိကိုယ်မိမိ ခန့်အပ်ထားသည့် လူပုဂ္ဂိုလ်တစ်ဦးမှ တရားဝင် နိုင်ငံ့ဝန်ထမ်းများအား CDM ၌ ပါဝင်လာစေရေး တရားမဝင် ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင်မှုအပေါ် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုမရှိကြစေရန် အသိပေးနှိုးဆော်ခြင်းဖြစ်ပြီး လာရောက်နှောင့်ယှက်ခြိမ်းခြောက်ပါက သက်ဆိုင်ရာရုံးဌာနနှင့် ရပ်ကွက်အလိုက် ရှိနေသည့် လုံခြုံရေးအဖွဲ့များနှင့် မူလတိုင်ကြားရန်သတ်မှတ်ထားသည့် ဖုန်းနံပါတ်များသို့ အချိန်မီ အသိပေးအကြောင်းကြားပါရန် သတိပေး နှိုးဆော်အပ်ပါသည်။ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အဂတိလိုက်စားမှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှု အခြေအနေအား သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုသည် ပြည်ထောင်စုဝန်ကြီးတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ငွေကြေးနှင့်ပစ္စည်းများ လက်ခံရယူခဲ့သည့်အပေါ် အရေးယူပေးပါရန် တိုင်ကြားချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ အဂတိလိုက်စားထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ အမှုဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်အချို့သည်လည်း အဂတိလိုက်စားမှုများရှိကြောင်း ပဏာမစိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ **မိုး/ဇလ**

# ကျန်းမာရေးဝန်ထမ်းများသို့ အသိပေးကြေညာချက်

ဆေးတက္ကသိုလ်(၁)တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသော ဆေးပညာရှင်ဦးဇော်ဝေစိုးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့် မရှိသေးသူများက နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကိုကျူးလွန်လျက် တရားမဝင်ဖွဲ့စည်းထားသည့် "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPH) တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်း ၎င်းနှင့် ပူးပေါင်းဆောင်ရွက်လာစေရန် နည်းမျိုးစုံဖြင့် စည်းရုံးဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။ ဦးဇော်ဝေစိုးကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနက အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားကြောင်းနှင့် ၎င်းဆက်လက်ကျူးလွန်ခဲ့သည့် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ထိရောက်စွာဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ၎င်းအား အားပေးကူညီရာရောက်သည့် ပြုမူဆောင်ရွက်ခြင်းမျိုးကို မလုပ်ဆောင်မိကြစေရန်နှင့် ယင်းသို့ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထား

**နေပြည်တော် မတ် ၇**

ဆေးတက္ကသိုလ် (၁) တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှု မရှိသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးသည် ၎င်း၏ လူမှုကွန်ရက်၌ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့် လက်အောက်ဝန်ထမ်းများအား ရုံးမတက်ဘဲ သပိတ်မှောက်ရာတွင် ပါဝင်ဆန္ဒပြရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လသာမြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ - က ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

ထို့ပြင် ၎င်းသည် နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်လျက်ရှိသည့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြောင်း တွေ့ရှိရသည့်အတွက် ၎င်းအား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းကိုကိုသိန်း(ခ) သက္ကမိုးညိုသည် ၎င်း၏ လူမှုကွန်ရက်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောသတင်းများကို ရေးသားဖော်ပြခဲ့သဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်စေရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ - က ဖြင့် လည်းကောင်း အမှုများ ရေးဖွင့်ထားရှိသည်။

သို့ဖြစ်၍ ဖော်ပြပါ ဦးဇော်ဝေစိုးနှင့် ဒေါက်တာဝင်းကိုကိုသိန်း(ခ) သက္ကမိုးညိုတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်ကြားနိုင်ရန် ထုတ်ပြန်ထားသည့် တယ်လီဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

---

◆ *ကျော်ဖုံးမှ*

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၂၉၁၇၅၉၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၈၄၆၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၀၇၊ ၀၉ ၂၆၁၀၁၇၂၅၇
(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
(ဇ) မိုင်းဆက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂

**ပြည်ထဲရေးဝန်ကြီးဌာန**



# ဦးခိုက်ပူဇော် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

❑ ဘုရားပွဲတော်ကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပြီး ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်နေကိန်းဝပ်နေတော်မူကြောင်းကို ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင်မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပေးခဲ့သော ဆံတော်များတည်နေကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်

❑ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ် နှစ်ကြိမ်တိုင်တိုင် ကြွရောက်ရာဌာနဖြစ်ကြောင်း သမိုင်းစဉ်လာရှိနေသဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံတော်၏ အထင်ကရထင်ရှားသော စေတီတော်တစ်ဆူဖြစ်

မြန်မာနိုင်ငံအရပ်ရပ်၌ ပွင့်လင်းရာသီတွင် ဘုရားပွဲများကျင်းပလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်ကိုလည်း နှစ်စဉ်ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပခဲ့ပေသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ယခုနှစ်တွင် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပမည်ဖြစ်ပေသည်။

မဟာမကုဋရုံသီမှာ “ ကြီးမြတ်တော်မူသော မော်တင်အစွန်း၌ တောက်ပသော ရောင်ခြည်ဖြင့် ကြည်ညိုဖွယ်အဆင်းရှိသည့်စေတီ” ဟု အဓိပ္ပာယ်ရပြီး စေတီတော်ကို ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးသနားတော်မူခဲ့သော ဆံတော်ရှစ်ဆူအနက် ဆံတော်နှစ်ဆူကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

**ပူဇော်ပွဲကျင်းပ**

ယခုနှစ် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၂ ခုနှစ် မတ် ၁၃ ရက်မှ မတ် ၂၇ ရက်အထိ(၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ) ကျင်းပမည်ဖြစ်သည်။

**စေတီတော်တည်ထားကိုးကွယ်**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သုံးလောကထွတ်ထား ရှင်တော်ဂေါတမမြတ်ဘုရား ဘုရားအဖြစ်သို့ ရောက်ရှိသည့်အခါက မြန်မာနိုင်ငံ ဥက္ကလာပတိုင်း အသိကဋ္ဋနမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားရာက ဘုရားပွင့်တော်မူခိုက်နှင့်ကြုံတွေ့သဖြင့် ဘုရားရှင်ကိုယ်တော်မြတ်အား ဖူးမြော်ခွင့်ရရှိပြီး မုန့်ကြွပ်ကျစ်တို့ကို လှူဒါန်းကာ ဒေဝါဇိက သရဏဂုံဆောက်တည်ခဲ့ကြလေသည်။

ထိုအခါမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့အား နောင်အစဉ်သဖြင့် ကိုးကွယ်ပူဇော်နိုင်ရန်အလို့ငှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဆံတော်မြတ်ရှစ်ဆူ စွန့်ကြဲပေးအပ်ခဲ့သည်။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ပင့်ဆောင်လာသော ဗုဒ္ဓဆံတော်ရှင် ရှစ်ဆူအနက်မှ ဆံတော်နှစ်ဆူကို ဇေယျသေန နဂါးမင်းသည် ရယူခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကုသိမနာဂရ (ပုသိမ်) တောင်ပိုင်းရှိ နဂါးရစ်မှော်သရနတောင်စွန်း (ဝါ) မော်တင်စွန်းတွင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပင်လယ်တွင်းရရှိသော မြသားဖြင့် စိုင်တမော့အရွယ်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။

**လူတို့ဖူးတွေ့ခွင့်မရနိုင်သည့်စေတီများ**

လူတို့ကိုယ်တိုင် ဖူးတွေ့ခွင့်မရနိုင်သည့်စေတီသုံးဆူရှိလေသည်။ တာဝတိံသာ နတ်ပြည်တွင် ဘုရားလောင်း၏ ဆံတော်ကို ဌာပနာ၍ တည်ထားသော စူဠာမဏိစေတီတော်၊ ဗြဟ္မာပြည်တွင် ဘုရားလောင်း၏ အဝတ်အထည်ကို ဌာပနာ၍ တည်ထားသော ဒုဿစေတီတော်၊ ဟိမဝန္တာတောတွင် မြတ်စွာဘုရားနှင့် မဟောသာရပညာချင်းယှဉ်ရာတွင် မြတ်စွာဘုရားက အောင်နိုင်တော်မူရာ မဟောသာရက မြတ်စွာဘုရားကို ဝတ်ကြီး ဝတ်ငယ်ပြုစုခွင့်တောင်းသောအခါ မြတ်စွာဘုရားက သတ္တဝါတွေကို ကယ်တင်ရန်ရှိသဖြင့် သူ၏ကိုယ်စား ရုပ်ပွားတော်ကို ဖန်ဆင်းပေးခဲ့သော မဟောသာရဗုဒ္ဓရုပ်ပွားတော်စေတီတို့ ဖြစ်ပါသည်။

**ဇေယျသေန နဂါးမင်းအား ကျေးဇူးတင်ရခြင်း**

ဇေယျသေန နဂါးမင်းသည် ဆံတော်ဓာတ် နှစ်ဆူအား နဂါးပြည်သို့ ယူဆောင်ပြီး စေတီတည်ထားခဲ့သော် လူတို့ ဖူးမြော်နိုင်ရန် ခက်ခဲမည်။ ယခု ဆံတော်ဓာတ်နှစ်ဆူကို ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကုသိမနာဂရ (ပုသိမ်) တောင်ပိုင်း နဂါးရစ်မှော် (ခေါ်) သရနတောင်စွန်း (ဝါ) မော်တင်စွန်းတွင် မဟာမသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလပြည့်နေ့တွင် တည်ထားကိုးကွယ်ခဲ့သဖြင့် လူအများဖူးမြော်ခွင့် ရရှိသောကြောင့် ဇေယျသေန နဂါးမင်းကြီးအား ကျေးဇူးတင်ရပါသည်။

ဖွင့်ပွဲနေ့ နံနက်အချိန်အခါ နတ်တောင် တောင်ခြေမှ ကမ်းနားသဲသောင်ပြင်တစ်လျှောက် ဖောင်တော်ဆိပ်ဘုရားအထိ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့်မြတ်မော်တင်စေတီတော်အား နှစ်စဉ်ပူဇော်ကန်တော့သည့်မြင်ကွင်းမှာ မင်္ဂလာရှိလှပေသည်။ ပင်လယ်ရေပြင်၏ အလှသဘာဝနှင့် နေထွက်ခါစအလှတို့ ပနံရ တင့်တယ်လှသည်။ သမာဓိစောင်းတန်းမှ ဆံတော်ရှင်မြတ်မော်တင် ရင်ပြင်ပေါ်သို့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကာ စေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးကိုးမျိုး၊ ယိုကိုးမျိုးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြမည်ကို ကုသိုလ်ယူနိုင်ကြပေသည်။ ဆရာတော်သံဃာတော်များက မြတ်မော်တင်စေတီတော် မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း၊ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းအတွက်လည်း သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပေမည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးကို သာသနာတော်နှစ် ၂၁၀ ခုနှစ် သီရိဓမ္မာသောကမင်းကြီးက လည်းကောင်း၊ သက္ကရာဇ် ၄၀၆-၄၃၉ နှစ်အတွင်း စိုးစံခဲ့သည့် အနော်ရထာမင်းကြီး လက်ထက်ကလည်းကောင်း၊ သက္ကရာဇ် ၄၇၄-၄၉၆ ခုနှစ်အတွင်း နန်းစံခဲ့သော ကျန်စစ်သားမင်းလက်ထက်တွင် လည်းကောင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၄၇၅ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီးက လည်းကောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် တာဝန်ရှိသူများကလည်းကောင်း၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များကလည်းကောင်း၊ အလှူရှင်များက လည်းကောင်း၊ ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ကျိုက်ထီးဆောင်း ဒုတိယဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂဒီပ အရှင်သူမြတ် ဦးဆောင်ကြီးကြပ်၍ အလှူရှင်မိသားစုတို့ကလည်းကောင်း ထပ်မံမွမ်းမံပြင်ဆင်ခဲ့သည်။

**မြန်မာနိုင်ငံ၌ ပထမဆုံးတည်ထားကိုးကွယ်သော စေတီတော်**

မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများ ရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူအနက် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။

ဘုရားပွဲတော်ကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပြီး ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်နေကိန်းဝပ်နေတော်မူကြောင်းကို ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပေးခဲ့သော ဆံတော်များတည်နေကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်လေသည်။ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ် နှစ်ကြိမ်တိုင်တိုင် ကြွရောက်ရာဌာနဖြစ်ကြောင်း သမိုင်းစဉ်လာရှိနေသဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံတော်၏ အထင်ကရထင်ရှားသော စေတီတော်တစ်ဆူ ဖြစ်လေသည်။

**နတ်၊ နဂါး၊ ဆင်ဖြူတော်နှင့် ဝိဇ္ဇာဓိုရ်များ ကြည်ညို**

မဟာကောဇာသက္ကရာဇ် ၄၇၅ ခုနှစ် တပေါင်းလပြည့်နေ့တွင် အမြင့်သံတောင် ၂၅ တောင်ရှိ စေတီတော်အဖြစ် အလောင်းစည်သူမင်းကြီးက ထပ်မံပြုပြင်မွမ်းမံ၍ တည်ထားခဲ့ပြီးနောက် အလှူရှင်အဆက်ဆက်၏ ပြုပြင်မွမ်းမံမှုကြောင့် ယခုအခါ အမြင့်သံတောင် ၈၈ တောင်နှင့် အဝန်းမှာ သံတောင် ၁၃၆ တောင်ရှိသည်။ လူများသာမက နတ်များ၊ နတ်နဂါးများ ကြည်ညိုခဲ့သော စေတီလည်းဖြစ်ပြီး နံနက်နှင့် ညနေချမ်းအချိန်အခါများတွင် ဇေယျသေန နဂါးမင်းအမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများ ယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်၏ တောင်ဘက်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟူ၍ လည်းကောင်း ခေါ်တွင်ခဲ့ကြောင်း သိရပေသည်။

**ဘုရားဖူးများစည်ကား**

ဘုရားပွဲတော်ကာလတွင် ပွဲတော်သို့ သွားရောက်သည့် သင်္ဘောများ၏ခေါင်မိုးများပေါ်တွင် သာသနာ့အလံများ၊ ပလတ်စတစ်ပူဖောင်းများကို ဝါးခက်များဖြင့် တင့်တယ်လှပစွာ ပန်းဖွားဆင်ထားတတ်သည်ကို တွေ့ရသူများသည် မြတ်မော်တင်ဘုရားပွဲတော်သို့ သွားလိုစိတ်များ ပေါ်ပေါက်လာတတ်သည်။ ကျေးရွာခလေ့ တေးသံသာများ လွှင့်ထုတ်ပေးနေသည်မှာလည်း ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလိုစိတ်များ ထပ်မံဖြစ်ပေါ်စေပါသည်။

ရန်ကုန်မြို့မှ ၂၅၈ မိုင် ကွာဝေးသော ခမောက်မော်သို့ ရေယာဉ်ကြီးများဖြင့် လည်းကောင်း၊ ပုသိမ်မြို့မှ မော်တင်စွန်းဘုရားအထိ ၁၀၁ မိုင် ၃ ဖာလုံခရီးကို မော်တော်ယာဉ်များဖြင့် လည်းကောင်း အလွယ်တကူသွားလာနိုင်ပြီး ပုသိမ်မြို့မှ ၈၆ မိုင် ကွာဝေးသော ခမောက်မော်သို့ ရေယာဉ်ကြီးများဖြင့် သွားလာနိုင်သည်။ တစ်ညအိပ်ဘုရားဖူးပြီး ပြန်လာနိုင်မည်ဖြစ်ရာ သွားရေးလာရေး အလွန်လွယ်ကူလှပေသည်။

အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်၍ ဘုရားဖူးနိုင်သည်။ သမိုင်းဝင်ဟိုင်းကြီးကျွန်းမြို့ကိုလည်း ဝင်ရောက်လေ့လာနိုင်ပြီး ကျိုက်တိစေတီကိုလည်း ဖူးမြော်နိုင်သည်။ ကျောက်ကလပ်သို့ စက်လှေဖြင့် လည်းကောင်း၊ ငွေတောင် ခေါ် (မြွေတောင်) သို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ နွားလှည်းများ၊ မော်တော်ဆိုင်ကယ်များ၊ ခြေကျင်လျှောက်၍ လည်းကောင်း သွားလာနိုင်သည်။ ရှုမျှော်၍မဆုံးသော ခရီးလမ်းတွင် ရေဝေကုန်းတန်းတစ်လျှောက် ကျောက်ဆောင် ကျောက်ကမ်းပါးများသည် လှပစွာ စီခြယ်ထားသည့်အလား မိုးကောင်းကင်၏ ပြာလဲ့သောအရောင်၊ စိမ်းမြမြပင်လယ်ရေပြင်များ၊ လှိုင်းကြက်ခွပ်သံများ၊ လှိုင်းဖြူဖြူဖွေးများ ကမ်းစပ်သို့ တလိမ့်လိမ့် တက်လာပုံများ၊ လေပြေ လေအေးများနှင့် သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်ကာ သွားရောက်လေ့လာနိုင်ကြသည်။ ငွေတောင် ရေချိုးဆိပ်တွင် ရေချိုးရသည်များမှာလည်း အလွန်ပျော်စရာ ကောင်းလှပေသည်။ သန့်ရှင်းလတ်ဆတ်သော ပင်လယ်အစားအစာများကို စားသောက်နိုင်သည်။ အုန်းရည်ချိုချိုလေးများလည်း သောက်သုံးနိုင်သည်။ ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေ၏ အလှသဘာဝနှင့် ပနံရ တင့်တယ်လျက်ရှိသည်။ ကျန်းမာရေးနှင့် လုံခြုံရေးကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပြတ် စောင့်ရှောက်ပေးထားမည်ဖြစ်သည်။

**အံ့ဖွယ် ၁၈ ပါး**

မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် အံ့ဖွယ် (၁၈)ပါး ရှိလေသည် -

၁။ ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံ၊ ငွေသံ ကြားရခြင်း၊

၂။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်များ အမြောက်မိုး၊ လက်နက်မိုး၊ ဗုံးမိုးရွာသော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း၊

၃။ လပြည့်၊ လကွယ်နေ့များတွင် ရောင်ခြည်တော်လွှတ်လေ့ရှိခြင်း၊

၄။ စေတီကုန်းနှင့် ပရိဝုဏ်တစ်ဝိုက်တွင် ရာသီပန်းများ မပြတ်ပွင့်ခြင်း၊

၅။ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့လှိုင်ခြင်း၊

၆။ ခေါင်းလောင်းများ လူမတီးဘဲ မြည်တတ်ခြင်း၊

၇။ ယခုထက်တိုင်ပင် ရုံဖန်ရံခါ ဆွမ်းများ ဦးအောင်မတင်နိုင်ခြင်း၊

၈။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ဖြစ်သော်လည်း အန္တရာယ်မရှိခြင်း၊

၉။ နတ်များ၊ ဆင်များ၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား ဒုက္ခမပေးခြင်း၊

၁၀။ လပြည့်၊ လကွယ်တွင် အရုဏ်ဦးယံအချိန်များ၌ စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံ စသော တူရိယာအမျိုးမျိုးတို့၏ အသံကို ကြားရတတ်ခြင်း၊

၁၁။ ဘေးအန္တရာယ်များကျရောက်ပါက စေတီတော်ကြီးအား အာရုံပြု၍ ရှိခိုးဆုတောင်းလိုက်သော် ဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊

၁၂။ တပေါင်းလ ဘုရားပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ရစ်ပတ်ပျံဝဲတတ်ခြင်း၊

၁၃။ ဘုရားပွဲတော်ကြီးသို့ လူထောင်သောင်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း၊

၁၄။ ဘုရားပွဲတော်တွင် ဆွမ်းတော်တင် တောင်ပုံရာပုံစွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မျှ လာရောက်စားသောက်မှုမရှိခြင်း၊

၁၅။ ဘုရားပွဲတော်တွင် လူထောင်သောင်းချီ၍ ရောက်လာသော်လည်း တောင်တော်တွင် လူပြည့်သည်ဟုမရှိခြင်း၊

၁၆။ ယုံကြည်စွာဖြင့် စေတီတော်ကြီးရင်ပြင်တော်တွင် သစ္စာအဓိဋ္ဌာန်ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟီးသံကြားရတတ်ခြင်း၊

၁၇။ နှစ်စဉ်တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားပွဲတော်မကျင်းပနိုင်ပါက တောင်တော် မြည်ဟီးခြင်း၊

၁၈။ စေတီတော်ကို အဝေးမှမြင်ရလျှင် သော်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်နှင့် ရောက်လာသည်နှင့်လည်းကောင်း၊ ဖူးမြော်ဦးတိုက်လျှင် သော်လည်းကောင်း ကာယသုခ၊ စိတ္တသုခနှစ်ပါး ချမ်းမြေ့ရခြင်း။

**ဒေသန္တရ ဗဟုသုတရရှိ**

မြတ်မော်တင်စေတီကို ဖူးမြော်ရင်း ဧရာဝတီတိုင်းဒေသကြီး၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့်စိုက်ခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် သမိုင်းဝင်ဟိုင်းကြီးကျွန်းနှင့် စံပြရွာ၊ အဏ္ဏဝါရွာ၊ ကျောက်ချောင်းရွာ၊ ခမောက်မော်ရွာ၊ ကံချိုင်ရွာ၊ ဆီးချိုင့်ရွာတို့၏ သဘာဝအလှအပများကို တွေ့မြင်ရမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပျူငှာနွေးထွေးစွာ ဆက်ဆံမှုများကိုလည်း ထိတွေ့ခံစားရမည့်အပြင် ဒေသန္တရဗဟုသုတများစွာ ရရှိမည်ဖြစ်ပါသည်။

စိတ်ရွှင်လန်းမှုကိုဖြစ်စေပြီး ကျန်းမာရေးကို အထောက်အပံ့ပေးသော ပင်လယ်လေကောင်းလေသန့်များကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

**ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတူ**

မြတ်မော်တင်စေတီတော်မြတ်ကြီးအား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူအဖြစ် ရွှေရောင်စတီးပြားများငုံကာ ပြန်လည်ဆောင်ရွက်ထားပြီး စေတီတော်၏ ရင်ပြင်တော်အား ထမ်းထားသော မြေထိန်းနံရံများကို ခြုံငုံကာ အဆိုပါနေရာများတွင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းများကို လူအများလာရောက်ကြည့်ရှုလေ့လာနိုင်မည့် ပြခန်းငယ်များကိုလည်း ဆောင်ရွက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အလှူရှင်မိသားစုက စေတီတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်သစ် တင်လှူပူဇော်ခဲ့သည်။ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များအား ကျိုက်ထီးဆောင်းဆရာတော်ဦးဆောင်၍ ပြုပြင်မွမ်းမံထားသည့်အတွက် သပ္ပာယ်စွာ ဖူးမြော်နိုင်ပေသည်။ ရင်ပြင်ပေါ်ရှိ အရံစေတီ ၁၆ ဆူ နှင့် အပြင်တွင်ရှိသော အရံစေတီများအား အလှူရှင်များက ရွှေသင်္ကန်းကပ်လှူထားကာ သာသနိကအဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ထားသည့်အတွက် ဆံတော်ရှင် မြတ်မော်တင်စေတီမှာ အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပါသည်။

ဘုရားဖူးများ စိတ်အေးချမ်းသာ ကြည်ညိုစွာ ဘုရားဖူးမြော်နိုင်ရန်အတွက် အဘက်ဘက်မှ ပြည့်စုံစွာစီစဉ်ထားရှိပြီးဖြစ်ရာ ကြုံတောင့်ကြုံခဲ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကသာနှင့် မဘိမ်းမြို့နယ်ချင်းဆက်လမ်းပိုင်း ကွန်ကရစ်ခင်း

**ကသာ မတ် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃၄ ဒသမ ၂ သန်းဖြင့် ကသာမြို့နယ် အင်းဒရန့် ကျေးရွာနှင့် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာသွား ကွန်ကရစ်လမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းခင်းလုပ်ငန်းခွင်သို့ ကသာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်း၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မတ် ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ခုနစ်ရွာ၊ အကျိုးပြုအိမ်ခြေ ၁၂၃၅ အိမ်မှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)



# CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုလိုသူများအနေဖြင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်

**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပါဝင်ဆောင်ရွက်သူများ၊ အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ်လ ၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ယခင်အစိုးရလက်ထက် နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ခံရသူများ၊ ဆရာဝန်ကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် နိုင်ငံတော်တည်ငြိမ်ရေးကို လိုလားသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ၎င်းတို့အနေဖြင့် CRPH အဖွဲ့အား စိတ်ပါဝင်စားမှုမရှိကြောင်း၊ CRPH အဖွဲ့ဝင်များလည်း မဟုတ်သည့်အပြင် ၎င်းအဖွဲ့နှင့်လည်း ပါဝင်ပတ်သက်မှုမရှိကြောင်းနှင့် CRPH အဖွဲ့ဖွဲ့စည်းမှုကိုလည်း ထောက်ခံခြင်းမရှိကြောင်းတို့ကို လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ စာဖြင့်ပေးပို့၍ လည်းကောင်း ဆက်သွယ်ပြောဆိုတင်ပြလာခဲ့သည်။

ထိုသို့ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်မှု လုပ်ဆောင်လိုခြင်း မရှိသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရှိရသည်။

လက်ရှိ ဆက်သွယ်အကြောင်းကြားလာသူများမှာ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ လုံခြုံငြိမ်းချမ်းစွာနေထိုင်လျက်ရှိကြောင်းနှင့် ထပ်မံဆက်သွယ်အကြောင်းကြားလာသူများ အနေဖြင့်လည်း မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော်ဆေးကုသရေး အဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျေးရွာ/ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၇**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြု၍ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူး များအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၊ အောင်မြေသာစံရပ်ကွက်၊ မင်းတဲအီကင်းရပ်ကွက်၊ သီရိမာလာအနောက်ရပ်ကွက်၊ ပြည်လုံးချမ်းသာရပ်ကွက်များနှင့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ ငွေကုန်းကျေးရွာရှိ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူး ရုံးများအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၇**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး တစ်လျှောက်တွင် လည်းကောင်း၊ ရသေ့တောင်မြို့နယ် ရွှေလောင်းတင်ကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း၊ မြောက်ဦးမြို့နယ် မျှော်တော်မူဘုရားဝင်းအတွင်းနှင့် ဘုရားပတ်ဝန်းကျင်တစ်ဝိုက်တွင် လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချီလီနိုင်ငံ၌ လူပေါင်းလေးသန်းကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်

ဆန်တီယာဂို မတ် ၇

**ချီလီနိုင်ငံ၌ လူပေါင်း လေးသန်းကျော်ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်ပြီး လူဦးရေ သန်းတစ်ဝက်ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကျော့ ထိုးပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၆ ရက်တွင် ပြောကြားခဲ့သည်။**

ကျန်းမာရေး သတင်းအချက်အလက်နှင့် စာရင်းအင်းဌာန၏ ဖော်ပြချက်အရ ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးသူ ၄၀၄၁၅၃၆ ဦး ရှိပြီး ၅၅၁၄၈၅ ဦးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်တိုင်တိုင် ထိုးပေးပြီးဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ချီလီကျန်းမာရေးဝန်ကြီး အင်ရီကိတ်ပါရီက အသက် ၆၀ နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးသူ ၂၆၁၄၆၁၅ ဦးရှိသည်ဟု ပြောသည်။

ထို့ပြင် ကာကွယ်ဆေးထိုးပြီးသူ ၅၉ ဒသမ ၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၄၀ ဒသမ ၈ ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်ကြသည်။

အီကွေဒေါနိုင်ငံသို့ ကာကွယ်ဆေး ၂၀၀၀၀ ကို ချီလီနိုင်ငံက လှူဒါန်းခဲ့ကြောင်း ချီလီ ပြည်ထဲရေးဝန်ကြီး ရိုဒရီဂိုဒယ်ဂါဒို က ပြောသည်။

ချီလီနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၁၀၀၀ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**




ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

## အမေရိကန်လွှတ်တော်မှ ကိုဗစ်-၁၉ သက်သာချောင်ချိရေး အစီအစဉ်ကို အတည်ပြုပေး

**ဝါရှင်တန် မတ် ၇**

အမေရိကန်လွှတ်တော်သည် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ တန်ဖိုးရှိ ကိုဗစ်-၁၉ သက်သာချောင်ချိရေးအစီအစဉ်ကို အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ သက်သာချောင်ချိရေး



အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်။

အစီအစဉ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ရသည့် အလုပ်သမားများနှင့် မိသားစုများကို ကူညီရန်အတွက် ရည်ရွယ်၍ ပြုလုပ်ခဲ့သည့် အစီအစဉ်လည်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းသည် သမ္မတ ဂျိုးဘိုင်ဒင် အစိုးရ၏ ပထမဆုံးနှင့် အကြီးဆုံးဘဏ္ဍာရေး အစီအစဉ်တစ်ခုလည်းဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီကို အမေရိကန်ဒေါ်လာ ၁၄၀၀ စီ တိုက်ရိုက်ပေးမည့် အစီအစဉ်ဖြစ်ပြီး အလုပ်လက်မဲ့တို့၏ အကျိုးခံစားခွင့်ကိုလည်း စက်တင်ဘာလအထိတိုင် အချိန်တိုးမြှင့်ပေးခဲ့သည်။

အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အဆိုပါ ဥပဒေကြမ်းကို ထောက်ခံကြရန် သမ္မတ ဂျိုးဘိုင်ဒင်က ဆီးနိတ်ရီပတ်ဘလီကန်များကို တိုက်တွန်းခဲ့သည်။

ရီပတ်ဘလီကန်များကမူ ဘဏ္ဍာရေးကန့်သတ်ချက်ကြောင့် ကုန်ကျစရိတ်နည်းပါးသည့် သက်သာချောင်ချိရေး အစီအစဉ်ကိုသာ လိုလားကြသည်။

ပြင်ဆင်မှုအချို့နှင့်အတူ အဆိုပါဥပဒေကြမ်းသည် အမေရိကန် အောက်လွှတ်တော်သို့ ပြန်ပို့မည်ဖြစ်သည်။ ထို့နောက် သမ္မတ ဂျိုးဘိုင်ဒင်က အတည်ပြုလက်မှတ်ရေးထိုးပေးပြီး မတ်လလယ်တွင် ဥပဒေအဖြစ် အတည်ပြုနိုင်ရေး မျှော်လင့်ထားကြသည်။

**အင်န်အိတ်ချ်ကေ**

## ကပ်ရောဂါကာလအတွင်း အချိန်ပိုင်း လုပ်သားအများစု ဝင်ငွေဆုံးရှုံး

**တိုကျို မတ် ၇**

ဂျပန်နိုင်ငံတွင် ပုဂ္ဂလိက သုတေသနအင်စတီကျု၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ ကာလအတွင်း အချိန်ပိုင်းလုပ်သား သို့မဟုတ် ယာယီအလုပ်လုပ်ကိုင်နေကြသူ ၁ ဒသမ ၄ သန်းကျော်မှာ အလုပ်လုပ်ကိုင်ရမှု နည်းပါးသော်လည်း နစ်နာကြေးမရဟု သိရသည်။ ယာယီနှင့် အချိန်ပိုင်းလုပ်သား ၆၅၀၀၀ ကို နိုမူရာ သုတေသနအင်စတီကျုက ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

အချိန်ပိုင်းလုပ်သားများ၏ အလုပ်ချိန်ကို မေးမြန်းကြည့်ရာတွင် အမျိုးသား ၃၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၉ ရာခိုင်နှုန်းတို့မှာ ကပ်ရောဂါ မတိုင်မီက အချိန်ကာလထက် အလုပ်ချိန်နည်းပါးသွားသည်ဟု ဖြေကြားကြသည်။ အလုပ်ချိန် ၅၀ ရာခိုင်နှုန်း အလျှော့ခံရသည်ဟု ဖြေကြားသူ ၅၀ ရာခိုင်နှုန်းက ဖြေကြားခဲ့ကြသည်။

၎င်းတို့အနက် အလုပ်ချိန်နည်းပါးသွားသည့်အတွက် အချိန်ပိုင်းလုပ်သား ၆၂၃၂ ဦးမှာ လျော်ကြေးတစ်စိတ်တစ်ဒေသပင် ရရှိခဲ့ခြင်းမရှိဟု ဖြေကြားခဲ့ကြသည်။ အမျိုးသား ၇၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၇၅ ရာခိုင်နှုန်းမှာ မည်သည့်အကျိုးကျေးဇူးမှ ခံစားရခြင်းမရှိဟု ဖြေကြားခဲ့ကြသည်။ လက်တွေ့တွင် အလုပ်လက်မဲ့ ရာခိုင်နှုန်းများစွာရှိကြောင်း အဆင့်မြင့်အကြံပေးဖြစ်သူ တာကီဒါ ကာနာက ပြောသည်။

၎င်းတို့မှာ ပုံမှန်ဝင်ငွေများ ဆုံးရှုံးနေရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အမှန်တကယ် အခြေအနေများကို လေ့လာသင့်ပြီး လူမှုကွန်ရက်မီဒီယာ သို့မဟုတ် မီဒီယာများမှတစ်ဆင့် လိုအပ်သည့် သတင်းအချက်အလက် အကူအညီများကို ပေးသင့်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အီသီယိုပီးယား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၅၀၀၀ ကျော်အထိ ရှိလာ

**အဒစ္စအဘာဘာ မတ် ၇**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အီသီယိုပီးယား နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၅၆ ဦး ရှိသည်ဟု အီသီယိုပီးယား ကျန်းမာရေးဝန်ကြီးဌာနက မတ် ၆ ရက်တွင် ပြောသည်။

ထို့ကြောင့် အီသီယိုပီးယား နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၆၅၀၂၉ ဦး ရှိလာသည်ဟု သိရသည်။ ထိုစဉ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၆ ဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၂၄၂၀ ရှိလာသည်ဟု ဝန်ကြီးဌာနက ပြောသည်။

ပြန်လည် ကျန်းမာလာသူ အရေအတွက်မှာ ၃၅၄ ဦးတိုးလာသည့်အတွက် ပြန်လည်ကျန်းမာလာသူစုစုပေါင်းအရေအတွက်မှာ ၁၃၇၇၈၅ ဦးရှိသည်ဟု သိရသည်။

အီသီယိုပီးယား နိုင်ငံသည် အာဖရိက၏ ဒုတိယ လူဦးရေအထူထပ်ဆုံးဖြစ်ပြီး အာဖရိကတွင် ကိုဗစ်-၁၉ ဆိုးရွားစွာ ကူးစက်ခံရသည့် နိုင်ငံလည်း ဖြစ်သည်။

ထို့ပြင် အရှေ့အာဖရိက ဒေသတွင် အီသီယိုပီးယား၌ ကိုဗစ်-၁၉ ကူးစက်မှုမှာ ကူးစက်မှု အမြင့်ဆုံး ဖြစ်နေသည်။

အီသီယိုပီးယားတွင် ကိုဗစ်-၁၉ ဆေးစစ်မှုများကို လူပေါင်း ၂၁၇၁၉၁၃ ဦးတွင် ပြုလုပ်ပေးခဲ့ပြီး ပြီးခဲ့သည့် မတ် ၅ ရက်တွင် လူပေါင်း ၆၄၀၆ ဦးကို ကိုဗစ်-၁၉ ရှိ မရှိ ဆေးစစ်ပေးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။

အီသီယိုပီးယား နိုင်ငံသည် အာဖရိကတွင် ကိုဗစ်-၁၉ အများဆုံး ဆေးစစ်ပေးနိုင်သည့် နိုင်ငံဖြစ်ပြီး ယင်းနောက်တွင် တောင်အာဖရိက၊ မော်ရိုကိုတို့ရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးက ပြောသည်။

**ဆင်ဟွာ**



အီသီယိုပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့တွင် သွားလာလှုပ်ရှားနေကြသူများ တွေ့ရစဉ်။

## တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၁၆ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မတ် ၇**

တောင်ကိုရီးယားတွင် မတ် ၆ ရက် ညပိုင်းအထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၁၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၉၂၄၇၁ ဦးရှိသည်ဟု သိရသည်။ နေ့စဉ်ကူးစက်မှုနှုန်း ၄၀၀ အထက်တွင် ရှိနေသည်မှာ နှစ်ရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။

နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀ အထက်တွင် ရှိနေသည်မှာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၈ ရက်ကတည်းက ဖြစ်သည်။

တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကုသမှုခံယူနေရသည့် လူနာ ၃၀၇ ဦးမှာ ရောဂါပျောက်ကင်းသွားပြီဖြစ်သည့်အတွက် ဆေးရုံမှ ဆင်းသွားရပြီး စုစုပေါင်းပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၈၃၂၂၀ အထိ ရှိလာပြီဟု သိရသည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၉၀ ဒသမ ၀၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# တိုကျိုမြို့၌ ကိုဗစ် - ၁၉ အရေးပေါ်အခြေအနေကြေညာမှု အချိန်ထပ်တိုး

ဂျပန်အစိုးရသည် တိုကျိုမြို့ဧရိယာတစ်ဝိုက်တွင် ကိုဗစ် -၁၉ အရေးပေါ်အခြေအနေကြေညာမှု သက်တမ်းကို နှစ်ပတ်တိုးကြောင်း ကြေညာခဲ့သည်။ တိုကျိုမြို့ဧရိယာတစ်ဝိုက်တွင် အရေးအပေါ်အခြေအနေကြေညာမှုမှာ လာမည့်သီတင်းပတ်အကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

နှင်းမိုးအိမ်

## အချိန်ထပ်တိုး

ယခုအခါ ဂျပန်အစိုးရသည် မတ် ၂၁ ရက်မတိုင်မီ အချိန်အထိ တိုကျို၊ ကာနာဂါဝါ၊ ဆိုင်တမာနှင့် ချီဘာခရိုင်တို့တွင် ကိုဗစ် -၁၉ အရေးပေါ် အခြေအနေကြေညာမှုကို အချိန်ကာလထပ်တိုးခဲ့သည်။ ဇန်နဝါရီ ၈ ရက်ကတည်းက ကိုဗစ် -၁၉ အရေးပေါ်အခြေအနေကြေညာမှုကို ပြုလုပ်ခဲ့ပြီး နောက်ထပ် ကိုဗစ် -၁၉ ကူးစက်မှုများကို လျှော့ချနိုင်ရန်နှင့် ထိန်းချုပ်နိုင်ရေးတို့အတွက် အရေးပေါ်ကာလကို နှစ်ပတ် အချိန်ထပ်တိုးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ယိုရှီဟိဒဲဆူဂါက ပြောသည်။

## ခက်ခဲသည့်အခြေအနေတွင် ရှိနေဆဲဖြစ်

ဒေသအတွင်း ကိုဗစ် -၁၉ ထိန်းချုပ်မှုအခြေအနေများမှာ တိုးတက်သည့်အလားအလာရှိလာကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောသည်။ ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် အခြေအနေ အထိ တိုးတက်မှုများ ရှိလာသော်လည်း ဆေးရုံပေါ်တွင် တက်ရောက်ကုသမှု ခံယူမှုနှုန်းမှာ ခက်ခဲသည့် အခြေအနေတွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။ ပြည်သူများ၏ အသက်အန္တရာယ်ကို ကာကွယ်ရန် လိုအပ်သည့်အတွက် ကိုဗစ် -၁၉ အရေးပေါ် အခြေအနေကြေညာမှုကို အချိန်ကာလ နှစ်ပတ်တိုးမြှင့်လိုက်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောသည်။ တိုကျိုတွင် မတ် ၄ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၇၉ ဦး တွေ့ရှိကြောင်း တိုကျို မြို့တော် အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

## စစ်ဆေးမှုပြုလုပ်ရန် အရေးကြီး

ယခင် သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ကူးစက်မှုနှုန်းမှာ မဆိုစလောက် ကျဆင်းလာသည်။ ကူးစက်မှု အားလုံးကို ခြုံကြည့်လျှင် ကူးစက်မှု အရေအတွက် ကျဆင်းလာသော်လည်း နှေးကွေးသည့်နှုန်းထားဖြင့် ကျဆင်းလာခြင်းဖြစ်သည်။ ယခုအချိန်အထိ ကူးစက်ခံရမှုနှုန်း ကျဆင်းမှု အရေအတွက်မှာ လုံလောက်သည့် အနေအထားမရောက်သေးကြောင်း ကူးစက်ရောဂါ အမျိုးသားအင်စတီကျုမှ အကြီးအကဲဖြစ်သူ ဒေါက်တာ ဝါကီတာ တာကာဂျီက သတိပေးပြောကြားခဲ့သည်။ ကူးစက်မှု၏ အရင်းအမြစ်များကို ရှာဖွေရန် လိုအပ်ကြောင်း ကူးစက်မှုအရင်းအမြစ်များမှာ ချက်ချင်းမြင်နိုင်ရန် ခက်ခဲပြီး စေ့စပ်သေချာစွာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် အရေးကြီးကြောင်း၊ ကူးစက်မှု တွေ့ရှိပါကလည်း ချက်ချင်းဆောင်ရွက်မှုများ လုပ်ဆောင်သင့်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## ဒေဝါလီခံရမှုများ ပိုတိုးလာ

အရေးပေါ်အခြေအနေကြေညာမှုမှာ စီးပွားရေးလှုပ်ရှားမှုများတွင် သက်ရောက်မှုပြင်းထန်သည်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလမှ စတင်ကာ ဂျပန်နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၁၀၀ မှာ ဒေဝါလီခံခဲ့ရကြောင်း သုတေသနကုမ္ပဏီဖြစ်သည့် Teikoku Databank က ပြောသည်။ ထိခိုက်မှုအများဆုံး လုပ်ငန်းများမှာ ဘားနှင့် စားသောက်ဆိုင်လုပ်ငန်းများဖြစ်ပြီး လုပ်ငန်း ၁၇၂ ခုမှာ ကျရှုံးခဲ့ရသည်။ ဒုတိယ ထိခိုက်မှုအများဆုံး လုပ်ငန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းဖြစ်ပြီး လုပ်ငန်းပေါင်း ၉၂ ခု ဆုံးရှုံးကာ ဟိုတယ်နှင့်အင်းလုပ်ငန်းများမှာလည်း ၇၉ ခု ဆုံးရှုံးနစ်နာခဲ့ရသည်။ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းထားသည့် မြို့ပြဒေသများရှိ စားသောက်ဆိုင်များနှင့် ဘားများတွင် ဒေဝါလီခံမှုများ ပိုတိုးလာသည်ဟုလည်း အဆိုပါ သုတေသနကုမ္ပဏီက ပြောသည်။

## တိုက်တွန်းထား

ယခု အရေးပေါ်အခြေအနေ ကြေညာမှုကို နောက်ထပ် သက်တမ်းတိုးလိုက်သည့်အတွက် တစ်ကိုယ်ရေသုံးစွဲမှုများ လျှော့ချလာမည်ဖြစ်သည့်အတွက် ဒေဝါလီခံရသူအရေအတွက်မှာ ပိုတိုးလာနိုင်သည်ဟု ခန့်မှန်းထားကြသည်။ လက်ရှိ အရေးပေါ် အခြေအနေကြေညာမှုအောက်တွင် ရောဂါလက္ခဏာမပြဘဲ ကူးစက်မှုနှုန်းမှာ တိုးလာနိုင်သည်ဟု ဂျပန်နိုင်ငံ၏ ကိုဗစ် -၁၉ ကျွမ်းကျင်သူအဖွဲ့က ပြောသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ကိုဗစ် -၁၉ စစ်ဆေးမှုများကို ပိုမိုလုပ်ဆောင်လာရန် လိုအပ်သည်ဟု တိုက်တွန်းထားသည်။

## ကူးစက်မှု ပိုမိုမြန်ဆန်

ဗြိတိန်နိုင်ငံတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကို ဂျပန်နိုင်ငံရှိ ကိုဘေးတွင် ပထမဆုံးတွေ့ရှိခဲ့သည်။ အဆိုပါကူးစက်မှုကို ခြေရာခံလိုက်နိုင်ရေးအတွက် ဒေသခံအရာရှိများက ဆောင်ရွက်နေကြသည်။ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၀၀၀ ကျော်၏ နမူနာများကို စုဆောင်းခဲ့ကြသည်။ ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ကူးစက်ခံရသူ ၆၇၇ ဦးတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲတွင် ဗြိတိန်၌ တွေ့ရှိရသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ မတွေ့ရှိရဟု သိရသည်။ ဇန်နဝါရီ ၂၉ ရက်မှ စတင်ကာ တွေ့ရှိခဲ့သည့် ကူးစက်ခံရသူ ၁၇၃ ဦး အနက် ရှစ်ဦးမှာ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ ဗြိတိန်မှ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် မဟုတ်ဘဲ အခြား ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ငါးဦးကိုလည်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် ဗြိတိန်တွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမှာ ပိုမို၍ ကူးစက်မှုလျင်မြန်သည်ဟု လေ့လာမှုများအရ သိရသည်။

## ဆေးစစ်မှုပိုမိုလုပ်ဆောင်ရန်လိုအပ်

အစိုးရ၏ ကိုဗစ် -၁၉ ကျွမ်းကျင်သူများအဖွဲ့က ဆေးစစ်ပေးမှုများ တိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်းလျက်ရှိပြီး ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လာမည်ကို ဆရာဝန်များက စိုးရိမ်လျက်ရှိသည်။ ဂျပန်နိုင်ငံ၏ နေရာအနှံ့အပြားတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများကို စောင့်ကြည့်နိုင်ရေးအတွက် ဆေးစစ်မှုများ ပိုမိုလုပ်ဆောင်ပေးရန် လိုအပ်သည်ဟု တိုကျိုဆေးတက္ကသိုလ်မှ ပါမောက္ခ ဟာမာဒါအက်ဆူအိုက ပြောသည်။ အစိုးရက တိုကျိုအနီးတစ်ဝိုက် အရေးပေါ် အခြေအနေကြေညာမှုကို ထပ်တိုးထားသော်လည်း တိုကျိုမြို့နှင့် အနီးတစ်ဝိုက် ဒေသများသို့ ရထားဖြင့် သွားလာကြသူများမှာ ပိုမိုများပြားလာလျက်ရှိ သည်။ အရေးပေါ်အခြေအနေကြေညာမှုအောက် တွင် တိုကျိုနှင့် အနီးအနားရှိ ခရိုင်သုံးခုမှ ပြည်သူများကို မလိုအပ်ဘဲ နေအိမ်မှ ထွက်ခွာခြင်းကို ရှောင်ကြဉ်ရန်နှင့် စားသောက်ဆိုင်နှင့် ဘားများကို ၈ နာရီတွင် ပိတ်ရန် ပြောကြားထားသည်။

## ရုပ်သိမ်းပေးခဲ့

အစိုးရသည် အိုဆာကာ၊ ကျိုတိုနှင့် အခြားခရိုင်လေးခုတွင် အရေးပေါ်အခြေအနေ ကြေညာမှုကို ပြီးခဲ့သည့် တနင်္ဂနွေနေ့က ရုပ်သိမ်းပေးခဲ့သည်။ အဆိုပါနေရာများတွင် ကူးစက်မှုများ ကျဆင်းလာသည့်အတွက် အရေးပေါ်အခြေအနေကြေညာမှုကို ဖယ်ရှားပေးခဲ့ခြင်းဖြစ်သည်။ တိုကျိုမြို့တွင် မတ် ၅ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၀၁ ဦးကို တွေ့ရှိခဲ့ပြီး တစ်ပတ်တာကာလအတွင်း ပျမ်းမျှကူးစက်မှုနှုန်း ၂၇၃ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကိုကိုအီကီကလည်း အရေးပေါ် အခြေအနေကြေညာခြင်း ကာလနှစ်ပတ်တိုးလိုက်ခြင်းမှာ ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာမည်ကို တားဆီးသည့် အရေးပါသောခြေလှမ်းဟု ပြောကြားခဲ့သည်။ ။

အင်န်အိတ်ချ်ကေ



တိုကျိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ် သွားလာလှုပ်ရှားနေကြသူများ တွေ့ရစဉ်။

“အစိုးရက တိုကျိုအနီးတစ်ဝိုက် အရေးပေါ် အခြေအနေကြေညာမှုကို ထပ်တိုးထားသော်လည်း တိုကျိုမြို့နှင့် အနီးတစ်ဝိုက် ဒေသများသို့ ရထားဖြင့် သွားလာကြသူများမှာ ပိုမိုများပြားလာလျက်ရှိသည်။ အရေးပေါ်အခြေအနေ ကြေညာမှုအောက်တွင် တိုကျိုနှင့် အနီးအနားရှိ ခရိုင်သုံးခုမှ ပြည်သူများကို မလိုအပ်ဘဲ နေအိမ်မှ ထွက်ခွာခြင်းကို ရှောင်ကြဉ်ရန်နှင့် စားသောက်ဆိုင်နှင့် ဘားများကို ၈ နာရီတွင် ပိတ်ရန် ပြောကြားထား”

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

နေပြည်တော် မတ် ၇

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ခုနစ်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID– 19 ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၇ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ အလယ်ကျောင်းပရိယတ္တိစာသင်တိုက်ရှိ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## ၇-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၆၅၄၃၁၀ | ၂၀၂၇၃၉၁၇ | ၅၃၇၁၂၃ |
| ၂။ | အိန္ဒိယ | ၁၁၂၂၃၁၉၂ | ၁၀၈၇၃၈၇၇ | ၁၅၇၈၃၅ |
| ၃။ | ဘရာဇီး | ၁၀၉၃၉၃၂၀ | ၉၇၀၄၃၅၁ | ၂၆၄၄၄၆ |
| ၄။ | ရုရှား | ၄၃၂၂၇၇၆ | ၃၉၁၁၉၂၄ | ၈၉၀၉၄ |
| ၅။ | ဗြိတိန် | ၄၂၁၃၃၄၃ | ၃၁၉၉၅၆၅ | ၁၂၄၄၁၉ |
| ၆။ | ပြင်သစ် | ၃၈၈၂၄၀၈ | ၂၆၄၉၀၉ | ၈၈၄၄၄ |
| ၇။ | စပိန် | ၃၁၄၉၀၁၂ | ၂၇၄၄၆၆၄ | ၇၁၁၃၈ |
| ၈။ | အီတလီ | ၃၀၄၆၇၆၂ | ၂၄၈၁၃၇၂ | ၉၉၅၇၈ |
| ၉။ | တူရကီ | ၂၇၆၉၂၃၀ | ၂၆၁၆၁၃၉ | ၂၈၉၆၅ |
| ၁၀။ | ဂျာမနီ | ၂၅၀၂၈၇၂ | ၂၃၀၄၃၀၀ | ၇၂၄၇၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၇၉၆၆၂ | ၁၁၉၄၆၅၆ | ၃၇၂၆၆ |
| ဖိလစ်ပိုင် | ၅၉၄၄၁၂ | ၅၄၅၈၅၃ | ၁၂၅၁၆ |
| မလေးရှား | ၃၁၃၄၆၀ | ၂၉၁၉၅၈ | ၁၁၆၉ |
| မြန်မာ | ၁၄၂၀၃၄ | ၁၃၁၆၇၂ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၃၃ | ၅၉၈၇၉ | ၂၉ |
| ထိုင်း | ၂၆၃၇၀ | ၂၅၇၄၄ | ၈၅ |
| ဗီယက်နမ် | ၂၅၁၂ | ၁၉၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၉၈၇ | ၅၁၀ | ၀ |
| ဘရူနိုင်း | ၁၈၉ | ၁၈၂ | ၃ |
| လာအို | ၄၇ | ၄၂ | ၀ |

# နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားမည်



**နေပြည်တော် မတ် ၇**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ် လုံခြုံ အေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်ဦး တစ်ယောက်၊ တစ်ပါတီအဖွဲ့အစည်းအတွက် ဦးတည်ရည်မှန်းချက်ထားကာ နိုင်ငံတော်အား နည်းမျိုးစုံအသုံးပြု ဆန့်ကျင်လှုပ်ရှားနေသူများကို နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ နိုင်ငံတော်အား နည်းမျိုးစုံအသုံးပြု ဆန့်ကျင်လှုပ်ရှားနေသူများ နိုင်ငံတော်အတွင်း (အေးချမ်းစွာဆန္ဒပြသည်) ဟူသော ခေါင်းစဉ်ဖြင့် ပြယုဂ်ကောင်းအောင် မီဒီယာအားပြုကာ ကောလာဟလထုတ်လွှင့်၍ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်သူများ၏ အလိုကျအတိုင်း လူငယ်ထုများကိုသာ ရှေ့တန်းတင်ရန် ဆောင်ရွက်လျက်ရှိနေကြောင်း။

**နစ်နာမှုများကို တိုင်ကြားနိုင်**

နိုင်ငံတော်အတွင်း အေးချမ်းသာယာစွာ နေထိုင်လို၍ မတည်မငြိမ်ဖြစ်ရပ်များကို မလိုလားသည့် ပြည်သူလူထုအများစုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် မိမိတို့၏ နစ်နာမှုများကို တိုင်ကြားနိုင်သည့် တယ်လီဖုန်းများသို့ ဆက်သွယ်ကာ အများပြည်သူလူထုနှင့် သက်ဆိုင်သည့် တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံများအား ထိန်းသိမ်းပေးနိုင်ရေး အများပြည်သူ၏ မျက်နှာကို ထောက်ရှု၍ ထိထိရောက်ရောက် ပြတ်ပြတ်သားသား ဆောင်ရွက်ပေးနိုင်ပါရန် တောင်းဆိုလာကြကြောင်း။

**(၄၁) ဦးတို့ကို ဖမ်းဆီးထိန်းသိမ်း**

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ တောင်းဆိုမှုနှင့် အကျိုးစီးပွားအတွက် နေရာဒေသအများအပြားရှိ တက္ကသိုလ်ကောလိပ်၊ ဆေးရုံများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း အကြောင်းမဲ့စွာ လမ်းကြောင်းပိတ်ဆို့ထားရှိမှုများကို ဖယ်ရှားစဉ် ဖြစ်ပေါ်လာသော အခြေအနေအပေါ်မူတည်၍ အဓိကရုဏ်း နှိမ်နင်းရေးသုံး လက်နက်များ၊ မျက်ရည်ယိုဗုံးများကို လိုအပ်သလို အသုံးပြုဆောင်ရွက်ပြီး လူစုခွဲခြင်း၊ ဦးစီး ဦးဆောင်ပြုလုပ်သူများအား ဖမ်းဆီးထိန်းသိမ်းခြင်းများကိုဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် စမ်းချောင်း၊ အလုံ၊ မရမ်းကုန်း၊ ကျောက်တံတား၊ အင်းစိန်၊ သာကေတ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ တိုက်ကြီးနှင့် သန်လျင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ပုသိမ်ကြီး၊ မြင်းခြံ၊ ရမည်းသင်းနှင့် ညောင်ဦးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မကွေးနှင့် ရေနံချောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီးတွင် မြိတ်နှင့် ပုလောမြို့နယ်၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်၊ မွန်ပြည်နယ်တွင် ရေးမြို့နယ်၊ ရှမ်းပြည်နယ်တွင် တောင်ကြီးနှင့် လားရှိုးမြို့နယ် တို့တွင် လူစုခွဲခြင်းများ ဆောင်ရွက်ရပြီး အမျိုးသား (၃၉) ဦး၊ အမျိုးသမီး (၂) ဦး စုစုပေါင်း (၄၁) ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

နိုင်ငံတော်အတွင်း ယခင်အစိုးရကာလတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နိုင်ငံတော်၏ လုံခြုံရေးကို ချည့်နဲ့အားနည်းစေရန်အတွက် လူ့အခွင့်အရေး အကြောင်းပြမှုဖြင့် မဖြစ်မနေလိုအပ်သော လုံခြုံရေးဆိုင်ရာ ဥပဒေအချို့ကို ပယ်ဖျက်ခဲ့သဖြင့် ယနေ့ကာလတွင် လိုအပ်လျက်ရှိသော ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၃/၂၀၂၁) ဖြင့် ပြင်ဆင်ဖြည့်စွက်ခြင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

**အမှုဖွင့်အရေးယူ**

သို့ဖြစ်၍ နိုင်ငံတော်ဆန့်ကျင်ရေးကို ဆောင်ရွက်ခဲ့သည့်အတွက် အမှုဖွင့်အရေးယူခံထားရပြီး ရှောင်တိမ်းပုန်းအောင်းနေသူများကို လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးအတွက် ရှာဖွေထိန်းသိမ်းရန် လိုအပ်လျက်ရှိသူများကိုလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ရှောင်တိမ်းနေမှုများကို လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ထပ်မံပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဧည့်စာရင်း စစ်ဆေးဆောင်ရွက်ခြင်းများအား ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**








# အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

စန်းနီလာဝင်း

**"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၇၇ ခုနှစ်မှစ၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ရေးအတွက် နှစ်စဉ် မတ်လ (၈) ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" (International Women's Day) အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပပြုလုပ်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့"**

**အားနွဲ့သော်လည်း အားမမဲ့သည့် မိန်းမသား**

လူ့သမိုင်းတွင် "မိခင်အုပ်ထိန်းသောခေတ်" က ဦးစွာဖြစ်ထွန်းခဲ့သောကြောင့် ပုခက်လွှဲသော မိခင်လက်သည် ကမ္ဘာကို စိုးမိုးသည်ဟူ၍ မိခင်မေတ္တာကြီးမြတ်မှုဂုဏ်အင်္ဂါကို တမြတ်တနိုး ဖော်ကျူးထားရပါသည်။ ထိုသို့ ဖော်ကျူးထားရခြင်းမှာလည်း အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က မိခင်၏ နှိုင်းတုမရသော ၅၂၈ သွယ် မေတ္တာတရားကို "မေတ္တာသုတ်" ပရိတ်တော်၌ "မွေးသမိခင်ကျေးဇူးရှင် အမျိုးသမီးသည် မိမိ၏ ရင်သွေးဖြစ်သော တစ်ဦးတည်းသောသားကို မိမိအသက်နှင့်ပင် လဲ၍ အစဉ်ကာကွယ်စောင့်ရှောက်သကဲ့သို့ အလုံးစုံသော ဝေနေယျသတ္တဝါတို့အား မေတ္တာတရားပွားများကြကုန်လော့" ဟု ဟောဖော်ညွှန်ပြတော်မူခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် မိခင်ကောင်းတို့၏ စစ်မှန်သော မေတ္တာတရားကို လေးစားကြည်ညိုဖွယ် ဖြစ်ပါသည်။

စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း မွှေးရနံ့ကို လုံးဝမစွန့်၊

ကြံကို ကြိတ်စက်ဖြင့် ကြိတ်သော်လည်း ချိုသော အရသာကို လုံးဝမစွန့်၊

ပညာရှိသူတော်ကောင်းတို့သည် ဆင်းရဲခြင်းသို့ရောက်သော်လည်း သူတော်ကောင်းတရားကို လုံးဝမစွန့်၊

ထို့အတူ မြန်မာအမျိုးသမီးကောင်းတို့သည် မည်သည့်နေရာ မည်သည့်ဒေသသို့ ရောက်သော်လည်း မြန်မာအမျိုးသမီးဂုဏ်ရည်ကို လုံးဝမစွန့်ကြပါ။

သားသမီး ဝတ္တရား (၅) ပါးတွင် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" ဟူသော ဝတ္တရားများအနက် စောင့်လေမျိုးနွယ်ဟူသော ဝတ္တရားကို မျိုးချစ် မြန်မာအမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း စောင့်ထိန်းကြပါသည်။ အကြောင်းမှာ တိုင်းတစ်ပါးသား နိုင်ငံခြားသား နိုင်ငံခြားသူနှင့် "ဘဝအဖော်မွန်" (Life partner) အဖြစ် လက်တွဲမိပါက မိဂုဏ်၊ ဘဂုဏ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်၊ အမျိုးသားရေးဂုဏ်တို့ကို ပျက်စီးအောင် ဖျက်ဆီးရာရောက်သောကြောင့်ပင် ဖြစ်ပါသည်။

မြန်မာအမျိုးသမီးတို့သည် သမိုင်းအဆက်ဆက်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မိဂုဏ်၊ ဘဂုဏ်တို့ကို ရှိသေလေးမြတ်တန်ဖိုးထားကာ စောင့်ထိန်းလာခဲ့ကြပါသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် မြန်မာမျိုးချစ်အမျိုးသမီးတို့သည် ဝံသာနု ရက္ခိတတရားကို လက်ကိုင်ထားကာ ကုမ္ဘာရီ အမျိုးသမီးအသင်းများကို ဖွဲ့စည်းကာ အမျိုးဘာသာ၊ သာသနာအကျိုးကို အသက်စွန့်၍ သယ်ပိုးဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့တိုင်းတစ်ပါးသားတို့၏ မတရားသိမ်းပိုက်ဖိနှိပ်အုပ်ချုပ် အမြတ်ထုတ်မှုကို ဆန့်ကျင်ကာ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ကြသည်။

**မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအားထားရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ အခွင့်အရေးများ ရရှိခံစားမှု၊ တန်းတူရည်တူ ဆက်ဆံခွင့်ရရှိမှု၊ အမျိုးသမီးများ၏ စွမ်းပကားမြင့်မားမှုတို့အတွက် နိုင်ငံတကာ လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် ကမ္ဘာ့အမျိုးသမီးညီလာခံများကို ဤသို့ ကျင်းပပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

(၁) ၁၉၇၅ ခုနှစ်တွင် ပထမဦးဆုံးသော ကမ္ဘာ့အမျိုးသမီးညီလာခံကို မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တွင်လည်းကောင်း၊

(၂) ၁၉၈၀ ပြည့်နှစ် ဒုတိယအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင်လည်းကောင်း၊

(၃) ၁၉၈၅ ခုနှစ်တွင် တတိယအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် လည်းကောင်း၊

(၄) ၁၉၉၅ ခုနှစ်တွင်စတုတ္ထအကြိမ်ကမ္ဘာ့အမျိုးသမီးညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင်လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုညီလာခံ(၄)ရပ်အနက် ၁၉၇၅ ခုနှစ်တွင် ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့သော မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့တော်ရှိ ကမ္ဘာ့အမျိုးသမီး ညီလာခံသို့လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တော်၌ ကျင်းပပြုလုပ်ခဲ့သော စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီး ညီလာခံသို့လည်းကောင်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကြီး၌ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရားဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်သော "ဘေဂျင်းကြေညာစာတမ်း" (Beijing Declaration) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ထိုကဏ္ဍကြီး (၁၂) ရပ်မှာ –

(၁) အမျိုးသမီးများနှင့် ဆင်းရဲမွဲတေမှု၊

(၂) အမျိုးသမီးများအား ပညာပေးရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊

(၃) အမျိုးသမီးများနှင့် ကျန်းမာရေး၊

(၄) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး၊

(၅) လက်နက်ကိုင်ပဋိပက္ခများအကြားတွင် ကျရောက်နေသော အမျိုးသမီးများ၊

(၆) အမျိုးသမီးများနှင့် စီးပွားရေးကဏ္ဍ၊

(၇) ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာခွဲယူခြင်းတွင် အမျိုးသမီးများကဏ္ဍ၊

(၈) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းယန္တရားများ၊

(၉) အမျိုးသမီးများနှင့် လူထုဆက်သွယ်ရေး၊

(၁၀) အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်၊

(၁၁) အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊

(၁၂) မိန်းကလေးငယ်များ။

စတုတ္ထအကြိမ် အမျိုးသမီးညီလာခံမှ ချမှတ်ခဲ့သည့် ဘေဂျင်းကြေညာစာတမ်းအရ ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ၁၉၉၆ ခုနှစ် ဇူလိုင်လ (၃) ရက်နေ့တွင် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားနိုင်ရန် "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ" (MNCWA–Myanmar National Committee on Womens Affairs) ဖွဲ့စည်းပေးခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "အမျိုးသားအဆင့် ယန္တရား" (National Mechanism) အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက စတင် ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပပြုလုပ်သွားရန် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ရည်ရွယ်ချက်များမှာ–

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(၂) အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၄) တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၅) အမျိုးသမီးများအား အကြမ်းဖက်ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် "အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ"၊ "ဒေသဆိုင်ရာအဖွဲ့အစည်းများ"၊ "ပြည်တွင်းအဖွဲ့အစည်းများ" နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ကြသည်။

ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အခြေခံမူ (၅) ချက်ထားရှိရာ ယင်းတို့မှာ–

(၁) **အမျိုးသားရေးဆိုင်ရာအခြေခံမူ** ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားရေးတာဝန်သက်သက်ကိုသာ ဆောင်ရွက်မည်။

(၂) **တိုင်းရင်းသားရေးဆိုင်ရာအခြေခံမူ** ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းမည်။

(၃) **ဘာသာရေးဆိုင်ရာအခြေခံမူ** မိမိတို့ သက်ဝင်ယုံကြည်အားထားသည့် ဘာသာရေး ကိုးကွယ်ဆည်းကပ်မှုကို တတ်စွမ်းသမျှ ကူညီအားပေးမည်။

(၄) **လူမှုရေးဆိုင်ရာအခြေခံမူ** ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်။

(၅) **အမျိုးသမီးရေးရာအခြေခံမူ** အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်တို့ ဖြစ်ကြပါသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် ရည်ရွယ်ချက် (၇) ရပ်၊ အခြေခံမူ (၅) ရပ်နှင့်အညီ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းများအတွက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို အားရဂုဏ်ယူဖွယ် လေ့လာတွေ့ရှိရပါသည်။

**အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့် ဆက်စပ်ဆောင်ရွက်နေ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၇၇ ခုနှစ်မှစ၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ရေးအတွက် နှစ်စဉ် မတ်လ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" (International Women's Day) အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပပြုလုပ်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့သည်။

*စာမျက်နှာ ၁၈ သို့*

# နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ အပါအဝင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်း မြို့နယ်၊ အမှတ် (၄၂) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်း အမှတ် (၁၃/က) ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ဒေါ်ရွှေဇီးကွက် အား CDM တွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများအား အားပေးအားမြှောက်ပြုမှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် မရမ်းကုန်း မြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရှိရသည်။




အဆိုပါ အမှုနှင့်ပတ်သက်၍ မတ် ၃ ရက်နေ့တွင် နာရေးကူညီမှုအသင်း (ရန်ကုန်) အား ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်မြင့်မြင့်ခင်ဖေ(ခ) ဒေါ်ရွှေဇီးကွက် အား တွေ့ရှိရခြင်းမရှိဘဲ စစ်ဆေးရန်လိုအပ်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းနိုင်ခဲ့သည်။

စိစစ်ချက်များအရ နာရေးကူညီမှုအသင်း (ရန်ကုန်) သည် CDM တွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ပေးနိုင်ရေးအတွက် အမည်ခံ၍ 88 Nyein Pwint အပါအဝင် ပြည်တွင်းပြည်ပရှိ ကုမ္ပဏီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ် စုစုပေါင်း ၄၉၈ ဦး တို့ထံမှ ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၃ ရက်အထိ ပေးပို့လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၆၁၃၃၉၄၃၅၀ (ငွေကျပ်သိန်းပေါင်း ခြောက်ထောင့်တစ်ရာကျော်) နှင့် အမေရိကန်ဒေါ်လာ ၂၀၆၇၀ ကို လက်ခံရရှိခဲ့ကြောင်း၊ ၎င်းအပြင် သိန်းပေါင်းနှစ်သောင်း ထည့်ဝင်ထားသည့် Fix Deposit Bank Account ၆ ခုကိုလည်း ဖော်ထုတ်ရရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

အဆိုပါ ငွေများအနက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခုရှိ CDM တွင် ပါဝင်လှုပ်ရှားနေသည့် ဝန်ထမ်းများထံသို့ အသင်း အဖွဲ့ လူပုဂ္ဂိုလ်များမှတစ်ဆင့် မတ် ၂ ရက်အထိ CDM တွင် ပါဝင်လှုပ်ရှားနေသူ ဝန်ထမ်း ၂၀၀၈ ဦးခန့်အား တစ်ဦးလျှင် ၁ သိန်းကျပ်မှ ၂ သိန်းကျပ်ခန့်အထိ စုစုပေါင်းငွေကျပ် ၂၈၅၆၃၀၀၀၀ (သိန်းပေါင်း နှစ်ထောင့်ရှစ်ရာကျော်) ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ၎င်းအပြင် ရန်ကုန်မြို့ရှိ ကွန်တိန်နာ ယာဉ်မောင်းများ၊ မီးရထား ဝန်ထမ်းများအား ထောက်ပံ့ပေးခြင်းများဖြင့် CDM ပြုလုပ်ရန် အားပေးအားမြှောက် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

CDM တွင် ပါဝင်လှုပ်ရှားနေသူများအား အဓိကလှုံ့ဆော် ဆောင်ရွက်နေသော နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌဖြစ်သူ ဦးကျော်သူအား မတ်လ ၄ ရက်တွင် မရမ်းကုန်း မြို့မရဲစခန်း၌ (ပ/၆၇)၊ (၅၀၅-က) ဖြင့် အမှုဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ ဦးကျော်သူနှင့် ဇနီးဖြစ်သူ ဒေါ်ရွှေဇီးကွက်တို့သည် ၎င်းတို့၏ နာရေးကူညီမှု အသင်းအား အကြောင်းပြု၍ လှူဒါန်းထားသော ထောက်ပံ့ငွေများအား အလွဲသုံးစားပြုလုပ်၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### CDM ပြုလုပ်သည့် ဝန်ထမ်းများကို ထောက်ပံ့နိုင်ရေးအတွက် နာရေးကူညီမှုအသင်း (ရန်ကုန်) ထံ လှူဒါန်းသည့် စာရင်း

| စဉ် | နေ့စွဲ | ပမာဏ(ကျပ်) | US $ | မှတ်ချက် |
|---|---|---|---|---|
| ၁ | 2/10/2021 | 39558500 | | |
| ၂ | 2/11/2021 | 40737000 | 1300 | |
| ၃ | 2/12/2021 | 25798000 | | |
| ၄ | 2/13/2021 | 27697000 | 600 | |
| ၅ | 2/14/2021 | 13900000 | | |
| ၆ | 2/15/2021 | 21550000 | | |
| ၇ | 2/16/2021 | 13970000 | 300 | |
| ၈ | 2/17/2021 | 88149800 | 5000 | |
| ၉ | 2/18/2021 | 26252600 | 720 | |
| ၁၀ | 2/19/2021 | 27030000 | | |
| ၁၁ | 2/20/2021 | 26600000 | 150 | |
| ၁၂ | 2/21/2021 | 24990000 | | |
| ၁၃ | 2/23/2021 | 54132200 | 4700 | |
| ၁၄ | 2/24/2021 | 12575000 | | |
| ၁၅ | 2/25/2021 | 30920000 | 4000 | |
| ၁၆ | 2/26/2021 | 21723800 | 1700 | |
| ၁၇ | 2/27/2021 | 58049700 | 2200 | |
| ၁၈ | 2/28/2021 | 2098750 | | |
| ၁၉ | 3/1/2021 | 9248500 | | |
| ၂၀ | 3/2/2021 | 28772500 | | |
| ၂၁ | 3/3/2021 | 19641000 | | |
| စုစုပေါင်း | | 613394350 | 20670 | |

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

နေပြည်တော် မတ် ၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးကို ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

## နေ့ညမပြတ် ဆောင်ရွက်

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



စာမျက်နှာ ၁၇ မှ

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ကို လွန်ခဲ့သည့် ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်မြို့တော်၌ ထိုစဉ်က အမေရိကန်ဆိုရှယ်လစ်ပါတီက ဦးဆောင်ကျင်းပခဲ့ရာ ဂျာမနီနိုင်ငံမှ အမျိုးသမီးကိုယ်စားလှယ်ခေါင်းဆောင်များ ဖြစ်ကြသည့် "ကလာရာဇက်တင်း" (Clara Zetkin)၊ "ကိတ်ဒန်းကား" (Kate Duncker) တို့က ၁၉၁၀ ပြည့်နှစ်၌ စတင်ကျင်းပပြုလုပ်ခဲ့သော "အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်အမျိုးသမီးညီလာခံကြီး" တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ကို စတင်ကျင်းပခဲ့ပြီး ဆက်လက်၍ နှစ်စဉ်ကျင်းပသွားရန် တောင်းဆိုတင်ပြခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee – MNCWA) ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာအမျိုးသမီးများနေ့အဖြစ် နှစ်စဉ် ကျင်းပလျက်ရှိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ယန္တရားအခြေခံရပ်တည် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်နွယ်နေသော ဝန်ကြီးဌာနများ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အမျိုးသမီးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အဓိကဝန်ကြီးဌာနအဖြစ် တာဝန်ယူအကောင်အထည် ဖော်ဆောင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

စီးပွားရေးလုပ်ငန်းများ၌လည်း အလုပ်အကိုင်မရှိသော အမျိုးသမီးများအတွက် သင့်တော်သော လုပ်ငန်းများတွင် အလုပ်အကိုင်ရရှိရန် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းဆိုင်ရာ နည်းပညာသင်တန်းဖြစ်သော ကွန်ပျူတာ၊ စက်ချုပ်၊ မိတ်ကပ်၊ ဆံပင်အလှပြင် သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ယာဉ်မောင်းသင်တန်း၊ အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်ကိုလည်း တွေ့ရသည်။

လုပ်ငန်းပမာဏအလိုက် မတည်ရင်းနှီးငွေလိုအပ်ချက် တစ်စိတ်တစ်ဒေသကို ချေးငှားပေးခြင်းအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ မတည်ရင်းနှီးငွေ (Micro Credit) များ ထောက်ပံ့ပေးခြင်း၊ ထုတ်လုပ်သော ကုန်ပစ္စည်းများအတွက် ဈေးကွက်ဝင် အရည်အသွေးဆိုင်ရာ အသိပညာပေးခြင်းအားဖြင့်၊ ပုဂ္ဂလိကလုပ်ငန်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အားရဖွယ်တွေ့ရှိရသည်။

အချုပ်ဆိုပါလျှင် မြန်မာအမျိုးသမီးများသည် ကျွန်မမှာမိန်းမသား ဖြစ်နေ၍ အားနွဲ့သော်ငြားလည်း အားမငဲ့သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မိဂုဏ်၊ ဘဂုဏ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်၊ လူမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ် တို့ကို တမြတ်တနိုး တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်သူများ ဖြစ်ကြပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီခရီးကို လျှောက်လှမ်းရာ ခရီးစဉ်တစ်လျှောက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအနေဖြင့် အမျိုးသမီးထုတစ်ရပ်လုံး၏ စွမ်းအားကို ရယူဆောင်ရွက်လျက် ရေဇလာမြင့်၍ ရွှေကြာပွင့် တင့်သည့်ပမာ "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူသော ခံယူချက်နှင့်အညီ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း စေတနာကောင်းဖြင့် ဆန္ဒပြု ဆုတောင်းလိုက်ပါသည်။ ။

# ကမ္မမြို့နယ် နတ်အင်းချောင်းထွက်အာလူးများ ပခုက္ကူဈေးကွက်သို့ တစ်ရက် ပိဿာချိန် ခုနစ်သောင်းခန့်ဝင်ရောက်လာ

**ပခုက္ကူ မတ် ၇**

မကွေးတိုင်းဒေသကြီး ကမ္မမြို့ နတ်အင်းချောင်းထွက် အာလူးများ လှိုင်လှိုင်ထွက်ရှိရာ ပခုက္ကူဈေးကွက်နှင့် ပွဲရုံများသို့ တစ်ရက်လျှင် အာလူးပိဿာချိန် ခုနစ်သောင်းခန့် စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုထံက သိရသည်။

ပခုက္ကူခရိုင် ကမ္မမြို့ ညောင်ကျစ်ပင်၊ ပုတီးတွင်း၊ မင်းနန်တောကျေးရွာများသည် အာလူးစိုက်ပျိုးခြင်းကို နတ်အင်းချောင်းတစ်လျှောက် အမြောက်အမြား စိုက်ပျိုးကြပြီး အာလူးများ စတင်ပေါ်နေပြီဖြစ်ကြောင်း၊ အာလူးများအောင်မြင်ပြီး ဥဥနှုန်းလည်းကောင်းကာ ဥကြီးနှုန်းလည်း ကောင်းမွန်ခြင်းကြောင့် အာလူးစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း ညောင်ကျစ်ပင်ကျေးရွာ အာလူးစိုက်တောင်သူ ဦးခင်စိုးက ပြောသည်။

အာလူးစိုက်ပျိုးခြင်းကို သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးကြကာ အာလူးအသေးဥများကို အာလူးမြက်ကွင်းခြမ်းဘက် သုံးပိုင်းသို့မဟုတ် လေးပိုင်းလှီးဖြတ်ကာ ရေမြောင်းစနစ်ဖြင့် အတန်းလိုက် ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

အာလူးပေါ်ချိန် ဖြစ်သည့် တပို့တွဲလတွင် အာလူးဥများ တူးဖော်ရပြီး အနယ်နယ်အရပ်ရပ်မြို့များမှ အာလူးပွဲစားများ လာရောက်ဝယ်ယူကြခြင်းနှင့် အာလူးစိုက်တောင်သူများကိုယ်တိုင် ပခုက္ကူအာလူးပွဲရုံများသို့ လာရောက်ရောင်းချကြောင်း သိရသည်။

အာလူးဈေးနှုန်း လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ ရောင်းချရခြင်းကြောင့် အာလူးစိုက်တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းရရှိခြင်း၊ အာလူးအထွက်နှုန်း ကောင်းမွန်ခြင်းများကြောင့် အာလူးစိုက်တောင်သူများ တွက်ခြေကိုက်သည့်နှစ်တစ်နှစ်ဖြစ်ကြောင်း မင်းနန်တောကျေးရွာမှ အာလူးစိုက်တောင်သူ ဦးတင်စိုးဝင်းက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



# ပုဏ္ဏားကျွန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေထုတ်ချေး

**ပုဏ္ဏားကျွန်း မတ် ၇**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာမြစိမ်းရောင် လည်ပတ်ရန်ပုံငွေကျပ် ၅၁ သန်းကို အသင်းသူ၊ အသင်းသား ၄၀၆ ဦးထံသို့ မတ် ၆ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ကုန်းတောင်ကျေးရွာအုပ်စု ကွန်းတောင်ကျေးရွာ၌ ကိုဗစ်-၁၉ ကာကွယ်လမ်းညွှန်ချက်နှင့်အညီ သတ္တမအကြိမ်မြောက် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေကို ထုတ်ချေးပေးကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်ဇင်သန့်(လက်ထောက်ညွှန်ကြားရေးမှူး- နည်းပညာ)က ပြောသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မြို့နယ် ကျေးလက်ရုံးမှ ကျေးရွာတာဝန်ခံဒေါ်ဌေးဌေးလှိုင် (ဒုတိယဦးစီးမှူး)နှင့်ဒေါ်အေးယဉ် (အကြီးတန်းစာရေး)တို့က ကျေးရွာမြစိမ်းရောင် ကော်မတီဝင်တို့နှင့်အတူ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၃ - ၂၀၂၁

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၇၀/၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၂၅/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၇၅၀/၇၈၀ ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၅ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၅၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၄၉ | ၄၅၅၇၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၆၁ | ၂၁၆၅၅၀ |
| MCB | – | – | – | – |
| FPB | – | – | – | – |
| TMH | – | – | – | – |
| EFR | ၃၂၅၀ | ၃၂၅၀ | ၅၀ | ၁၆၂၅၀၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီဆွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရခိုင်ပြည်နယ်တစ်လွှား ဗုဒ္ဓခြေတော်ရာများ

*အောင်ကြည်မိုး(စစ်တွေ)*

ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာများ တွေ့ရှိမှုသိသိသာသာ လျော့နည်းကျဆင်းလာနေပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ရောဂါထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိလာနေသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၁ ခုနှစ် မတ် ၁ ရက်မှစ၍ ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေထိုင်ရေးအစီအစဉ်တွင် (Stay at home)အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်ကြောင်း ထုတ်ပြန်ထားသည်။ ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ လျော့နည်း၊ ကျဆင်းလာရသည်ကတစ်ကြောင်း၊ CDM လှုပ်ရှားမှုလည်း ပါဝင်လုပ်ဆောင်ခြင်းမရှိကြ၊ မိုးလေကင်းလွတ်သည့် ရာသီလည်း ဖြစ်နေ၍ ရခိုင်ပြည်သူများ စုပေါင်း၍ ကားငှားပြီး ဘုရားဖူးထွက်နေကြသည်။ ဘုရားစေတီများသို့ ဘုရားဖူးထွက်နေကြသလို ဘုရားရှင်၏ ခြေတော်ရာများကိုလည်း သွားရောက်ဖူးမြော်ခြင်းများ ရှိလာနေသည်။

သမိုင်းမှတ်တမ်းများအရ ကမ္ဘာပေါ်၌ ဗုဒ္ဓ၏ ခြေတော်ရာအစစ် ၁၂ ဆူ ရှိနေသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓခြေတော်ရာ ခုနစ်ဆူရှိသည်မှာ ထူးဆန်းနေပြီး ရခိုင်ပြည်နယ်၌ ဗုဒ္ဓခြေတော်ရာ လေးဆူ ရှိနေသည်။

(၁) **ရသေ့တောင်မြို့နယ် မုစဲကျွန်း ခြေတော်ရာတစ်ဆူ**

(၂) **မအီမြို့နယ် အထက်ခြေတော်ရာတစ်ဆူနှင့် အောက်ခြေတော်ရာတစ်ဆူ**

(၃) **ပေါက်တောမြို့နယ် မြေငူကျွန်း၊ ဆံတော်ရှင်စေတီအနီးရှိ ခြေတော်ရာတစ်ဆူ** စသည်တို့ ဖြစ်ကြသည်။

### မုစဲကျွန်းခြေတော်ရာ

မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ဘီစီ ၅၈၀ ပြည့်နှစ်ဝယ် တတိယဓညဝတီခေတ်ကာလ စန္ဒသူရိယမင်းမြတ် ထီးနန်းအုပ်ချုပ်ခဲ့စဉ်က စန္ဒသူရိယမင်း၏ မနောအဓိဋ္ဌာန်ဖြင့် ပင့်ဖိတ်ချက်အရ ဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန်းငါးရာနှင့် ကြွရောက်လာခဲ့ဖူးသည်ဟု ရခိုင်သမိုင်းမှတ်တမ်းများ၌ ဖော်ပြထားသည်။ သေလာဂီရိပဗ္ဗတော်တောင် (ယခု ကျောက်တော်မြို့ရှိ ကျောက်တော်တောင်)၌

**"မြတ်စွာဘုရားရှင် ရက္ခပူရ (ယခုရခိုင်ပြည်နယ်) တစ်ခွင်သို့ ဒေသစာရီ ခရီးလှည့်လည်ခဲ့ရာ ရင်းတားမြစ် ခေါ် ရမဒါမြစ် ယခု ရသေ့တောင်မြို့အနီး ဘုရားရှင်ကြွရောက်တော် မူလာသောအခါ ရမ္မဒါမြစ်နဂါးမင်းက ဘုရားရှင်အား ရှိခိုးပူဇော်ပြီးနောက် အစဉ်ထာဝရကိုးကွယ်ပူဇော်နိုင်ရန် ခြေတော်ရာတစ်ဆူ ချီးမြှင့်ပေးပါရန်အကြောင်း လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်က လက်ဝဲပါဒခြေရာတော်တစ်ဆူ ရမ္မဒါနဂါးမင်းအား ချီးမြှင့်ပေးသနားတော်မူခဲ့"**

ရပ်တန့်တော်မူပြီး ဗျာဒိတ်စကားမြွက်ဟပြီးနောက် ဘုရင်စန္ဒသူရိယမင်းမြတ် တောင်းပန်လျှောက်ထားချက်အရ ဓညဝတီနန်းတော်အနီး သီရိဂုတ္တကုန်းတော်၌ ဗုဒ္ဓရှင်တော်ကိုယ်စား မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကို သွန်းစက်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ရက္ခပူရ(ယခုရခိုင်ပြည်နယ်)တစ်ခွင်သို့ ဒေသစာရီ ခရီးလှည့်လည်ခဲ့ရာ ရင်းတားမြစ် ခေါ် ရမဒါမြစ် ယခု ရသေ့တောင်မြို့အနီး ဘုရားရှင်ကြွရောက်တော်မူလာသောအခါ **ရမ္မဒါမြစ်နဂါးမင်း** က ဘုရားရှင်အား ရှိခိုးပူဇော်ပြီးနောက် အစဉ်ထာဝရကိုးကွယ်ပူဇော်နိုင်ရန် ခြေရာတော်တစ်ဆူ ချီးမြှင့်ပေးပါရန်အကြောင်း လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်က လက်ဝဲပါဒခြေရာတော်တစ်ဆူ **ရမ္မဒါနဂါးမင်း** အား ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ဤခြေတော်ရာသည် စစ်တွေ- ရသေ့တောင်မြို့သို့အသွား ကမ်းရိုးတန်းသဘော်ရေယာဉ်လမ်းခရီး ရသေ့တောင်မြို့နယ် သာစည်ထောင့်ကျေးရွာတွင် တည်ရှိသည်။ ခြေတော်ရာပွဲတော်ကို နှစ်စဉ်ပြာသိုလတွင် ကျင်းပပြုလုပ်လျက်ရှိသည်။

### မအီအထက်ခြေတော်ရာနှင့် အောက်ခြေတော်ရာ

တောင်ကုတ်မြို့ မအီဒေသသည် မြတ်စွာဘုရားရှင်၏ ဝဲယာခြေတော်ရာနှစ်ဆူတည်ရှိသည့် တစ်ခုတည်းသော မြေမဟာဖြစ်သည်။ မအီမြို့သည် ရခိုင်ပြည်နယ် တောင်ပိုင်းရှိ တောင်ကုတ်မြို့၏ မြောက်ဘက်အစွန်း မအီချောင်း၏ဝဲယာ၌ တည်ရှိသည်။ မအီချောင်းကို အစွဲပြု၍ မအီမြို့ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။ မအီ၊ အမ်း၊ မန်းမြစ်သုံးစင်းစီးဆင်းရာ မဟီရာနဒီ (မြင်မတိန်) တောင်သို့ဘုရားရှင်ဓညဝတီမှ ကောင်းကင်ခရီးဖြင့် မဇ္ဈိမသို့အပြန် လက်ယာတော်ရံ ရှင်သာရိပုတ္တရာ၏ လျှောက်ထားတောင်းပန်မှုကြောင့် ဘုရားရှင်သည် ဤဒေသ၌ နုစဉ်ဘဝက ဖြစ်တော်ပေါင်းများစွာကို ဟောကြားတော်မူခဲ့သည်။ ထိုမှတစ်ဖန် မအီချောင်းဖျားရှိ နာဋ္ဌာဂီရိတောင်သို့ ကြွတော်မူပြီး တြိသေလမည်သော **ဆင်တင့်တောင်** ကျောက်ဆောင်တွင် ဆင်မင်းဘဝက ညီတော်ဖြစ်ခဲ့ဖူးသော အညာတောင်ရွာသား မုဆိုးစံလှအား တရားဟောတော်မူကာ ဘုရားရှင်က **"ငါသည် ဤမဟီမြစ်အရပ်၌ မဟာဝိဟိကမည်သော ဆင်မင်းဖြစ်ခဲ့စဉ်က မုဆိုးကြီးစံလှမှာ စူဠာဝိဟိကမည်သော ညီတော်ဆင်ငယ်အဖြစ် ဤအရပ်၌ ကျင်လည်ခဲ့ဖူးကြောင်းနှင့် ငါဘုရားသည် မဟီမြစ်အတွင်းရှိ မဏိသေလရေအိုင်၌လည်း မဏိသေလနဂါးမင်း အဖြစ် ကျင်လည်ဖူးခဲ့လေပြီ"** ဟု မိန့်ကြား၍ တရားပြသလေရာ မုဆိုးလည်း သတိသံဝေဂဖြစ်ပြီး အကျွတ်တရားရလေသည်။

ထိုအခါ မုဆိုးစံလှ၏ လျှောက်ထားတောင်းပန်မှုကြောင့် လူ၊ နတ်၊ နဂါး ၊ သိကြား၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အကျိုးကို မျှော်ကိုးပြီး နာဋ္ဌာဂီရိတောင်ရှိ တြိသေလမည်သော ဆင်တင့်ကျောက်ဆောင်ပေါ်တွင် လက်ဝဲပါဒ ခြေတော်ရာကိုလည်းကောင်း၊ မဏိသေလကျောက်ဆောင်ပေါ်တွင် လက်ယာပါဒ ခြေတော်ရာကိုလည်းကောင်း ချပေးတော်မူခဲ့သည်။ ထိုအခါ ကမ္ဘာမြေကြီး အိုးထိန်းစက်ကဲ့သို့သွက်သွက်ခါမျှ တုန်လှုပ်လေသည်။ မုဆိုးလည်း ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလျက် ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးမှ ရွာသို့ပြန်လေသည်။ မုဆိုးပြောပြချက်အရ မင်းနှင့်တကွ ပြည်သူတို့သည် ခြေတော်ရာအား သွားရောက်ကာ ဖူးမြော်ကြပြီး မုဆိုးနှင့် မိသားစုဝင်များသည် ခြေတော်ရာအနီးတွင် ရဟန်းပြု၍ တရားအားထုတ်သဖြင့် တရားထူးရ၍ ကျွတ်တမ်းဝင်လေသည်။

(မြင်မတိန်)တောင်အနီး မဟီရာမြစ်နဒီ အလယ်ဗဟို၌ ရေအိုင်ကြီးရှိပြီး ထိုရေအိုင်၏ အလယ် မဏိသေလကျောက်ဆောင်ပေါ်ဝယ် **"ဇမ္ဗူမှာဒွေး ယာမှာဧ"** ဆိုစကားအတိုင်း ကမ္ဘာပေါ်၌ တစ်ဆူတည်းသာရှိသော ဘုရားရှင်၏ **လက်ယာခြေတော်ရာ** ရှိနေသည်။ (မြင်မတိန်) တောင်အဆုံးမှာရှိသည့် နာဋ္ဌာဂီရိတောင်ထိပ်က တြိသေလဟုခေါ်သည့် ဆင်တင့်ကျောက်ဆောင်ပေါ်၌ **လက်ဝဲပါဒ**ခြေတော် ရာရှိသည်။ "ဇမ္ဗူမှာဒွေး ယာမှာဧ" ဆိုသည့်အတိုင်း ကမ္ဘာပေါ်ရှိခြေတော်ရာ ၁၂ ဆူ အနက်(၁၁)ဆူသည် လက်ဝဲခြေတော်ရာများဖြစ်ပြီး ရခိုင်ပြည်နယ် မအီချောင်းရှိ အထက်ခြေတော်ရာသည် ထူးထူးခြားခြား လက်ယာခြေတော်ရာ ဖြစ်နေသည်။ မအီ ဒေသသည်မြောက်ဦးဆရာတော် ဝနဝါသီအရှင် ဝါယာမိန္ဒမထေရ်မြတ်၏ မွေးရပ်ဇာတိမြေလည်း ဖြစ်သည်။

### ဆံတော်ရှင် ခြေတော်ရာ

မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ဘုရားရှင်သည် ဓညဝတီမှ မဇ္ဈိမဒေသသို့အပြန် ကောင်းကင်ခရီးမှ ကြွချီလာခဲ့ရာ ကစ္ဆပနဒီမြစ်အဆုံး သမုဒ္ဒရာပေါ်အရောက်တွင် ရေပြင်သည် လှိုင်းတံပိုးတို့ဖြင့် ဆူပွက်ခဲ့ပြီး အရပ်ရှစ်မျက်နှာလုံး လရောင်ဖြင့် လင်းလက်လာခဲ့သည်။ ထိုအခြင်းအရာကို နဂါးမင်းရှစ်ဦးတို့ သိမြင်လေရာ မြတ်စွာဘုရားကြွချီလာကြောင်းတွေ့ရှိရ၍ ဘုရားရှင်နှင့်နောက်ပါရဟန်းငါးရာတို့အား ပင့်ဖိတ်လျက် ဆွမ်းဆက်ကပ်လှူဒါန်းကြလေသည်။ *စာမျက်နှာ ၂၁ သို့*


မုစဲကျွန်းခြေတော်ရာ။


မအီအထက်ခြေတော်ရာ။


မအီအောက်ခြေတော်ရာ။

*စာမျက်နှာ ၂၀ မှ*

မြတ်စွာဘုရားရှင်က နဂါးမင်းတို့အား ဆံတော်နှစ်ဆူကို ပေးသနားချီးမြှင့်ပြီး **"ဤအရပ်ဒေသ၌ ဗုဒ္ဓသာသနာတော် အရှည်ထွန်းကားတည်တံ့လတ္တံ့"** ဟု ဗျာဒိတ်ပေးတော်မူကာ ဆက်လက်ခရီးကြွချီတော်မူခဲ့လေသည်။

နဂါးအပေါင်းတို့သည် ဗုဒ္ဓ၏ဆံတော်မြတ်များကို ဌာပနာထည့်တော်မူလျက် စေတီတစ်ဆူကို မြေငူကျွန်း နီလာပဗ္ဗတတောင်ထိပ်တွင် တည်ထားကိုးကွယ်ခဲ့ကြလေသည်။ စန္ဒသူရိယမင်းသည် ဆံတော်ရှင်စေတီတော်အား လာရောက်ဖူးမြော်လေရာ နဂါးတို့တည်သောစေတီတော်မှာ လူတို့တည်သောစေတီနှင့် မတူ၍ မူလစေတီကို ငုံပြီးလျှင် မိမိ၏ မကိုဋ်တော်နှင့်တူအောင် စေတီတော်ကို ပြန်လည်ပြုပြင်တည်ထားတော်မူခဲ့သည်။


ထို့ကြောင့် ဆံတော်ရှင်ဘုရားသမိုင်းလင်္ကာတွင် **"လူနှင့်နဂါး၊ တည်တုံငြားလည်း၊ ဘုရားဆံတော်ရှင်၊ မြတ်ရှင်ပင်"**ဟု ရှေးစာဆိုများက စပ်ဆိုထားခဲ့ပါသည်။ ရခိုင်မင်းအဆက်ဆက်နှင့် ရခိုင်ပြည်သူတို့က ဆံတော်ရှင်စေတီတော်မြတ်ကြီးကို အစဉ်အဆက်မွမ်းမံပြုပြင် ထိန်းသိမ်းကိုးကွယ်လာခဲ့ကြသည်။ ဆံတော်ရှင်ဘုရားနှင့် မနီးမဝေးတွင် ဗုဒ္ဓဘုရားရှင်က ခြေတော်ရာတစ်ဆူ ထားခဲ့ပြီး ဤခြေတော်ရာသည် ပေါက်တောမြို့နယ် မြေငူကျွန်း၊ စောမဲကျီကျေးရွာ အနီးနားတွင် တည်ရှိသည်။

မြတ်ဗုဒ္ဓ၏ ကိုယ်တော်၊ အရေတော် နူးညံ့သောကြောင့် ဘုရားရှင်၏ခြေချရာအရပ်သည် ဝါဂွမ်းလေးများ ထိရာ၊ကျရာ အရပ်သို့အလား မြေနှင့်မထိဟု အဋ္ဌကထာဆရာကြီးများက ဆိုထားကြသည်။ သို့ဖြစ်၍ ဘုရားရှင်၏ခြေတော်ရာသည် မြေပြင်၌ အရာမထင်ပေ။ ဘုရားရှင် အဓိဋ္ဌာန်ချထားအပ်သော ခြေရာတော်တို့သည်ကား ဆင်၊ မြင်း စသောသတ္တဝါတို့ နင်းကျော်သွားသော်လည်း ပျက်စီးခြင်းမရှိသကဲ့သို့ မိုးကြီးရွာ၍သော်လည်း၊ လေကြီးတိုက်၍သော်လည်းကောင်း ပျက်စီးခြင်းမရှိဘဲ ပကတိအတိုင်းတည်ရှိလေသည်။ မည်သူတစ်စုံတစ်ယောက်မျှ မဖျောက်ဖျက်နိုင်ပေ။

မြတ်ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သော်လည်း မြတ်ဗုဒ္ဓမှ ကမ္ဘာပေါ်ရှိ လူသားတိုင်း အကျိုးများစေရန်အတွက် မိမိ၏ကိုယ်စား ဓာတ်တော်၊ မွေတော်များ၊ အံတော်၊ နံတော် ၊ ဆံတော် စသည်များ နှင့် (ပါဒ) ခြေတော်ရာများကို ပူဇော်နိုင်ရန် ချန်ထားရစ်ခဲ့သည်။ အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၌ မဟာ ပုရိသ ၃၂ ပါး လက္ခဏာတော်ပါရှိပြီး ထိုမဟာပုရိသလက္ခဏာတော်များသည် ဘုရားရှင် နှစ်ဦး ဘဝသင်္ချေများစွာက ကုသိုလ်ပါရမီများစွာ ဖြည့်ဆည်းတော်မူခဲ့သောကြောင့် ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ မဟာပုရိသ ၃၂ ပါး လက္ခဏာတော်ထဲက ဖဝါးတော်မြတ်သည် ညီညာပြီး ခြေတော်ရာ၌ ၁၀၈ ကွက်သော ဗုဒ္ဓစက်လက္ခဏာတော်များ ပါရှိသည်။

### ဖူးမြော်ရခြင်း အကျိုးကျေးဇူး

ဗုဒ္ဓခြေတော်ရာများကို ပူဇော်ဖူးမြော်ရခြင်းအားဖြင့် အခြံအရံ ပရိသတ်ပေါများခြင်း၊ ခရီးသွားလာရာ၌ ဘေးအန္တရာယ်ကင်းဝေးခြင်း၊ အပါယ်လေးပါး မကျရောက်ခြင်းနှင့် နိဗ္ဗာန်သို့ မရောက်မီ လူ့ပြည်၊ နတ်ပြည်တို့၌သာလျှင် စုန်ဆန် ကျင်လည်ရခြင်း၊ စကြာဝတေးမင်းဖြစ်နိုင်ခြင်းနှင့် နောက်ဆုံးသောဘဝ၌ **"ပေဒသညက"** မထေရ်ကဲ့သို့ အာသဝေါတရားကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်ခြင်း အစရှိသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။ ။



ဆံတော်ရှင် ခြေတော်ရာ

# ကျုံပျော်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ကျုံပျော် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မန်းစက္ကူကျေးရွာနှင့် ငွေတောက်ကုန်းကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်၊ ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်အောင်၊ ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မန်းစက္ကူကျေးရွာနှင့် ငွေတောက်ကုန်းကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆွေးနွေး မှာကြားသည်။

ကျုံပျော်မြို့နယ်အတွင်း မန်းစက္ကူကျေးရွာ အမှတ် (၁) ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ၀/၁ ဒသမ ၃၆၃ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ ထုခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၇ ဒသမ ၇ သန်းဖြင့် လည်းကောင်း၊ ငွေတောက်ကုန်းကျေးရွာ အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ကျေးလက်ကုန်ထုတ်လမ်းကို ၁/၅ ဒသမ ၉၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မထုခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၇၈ ဒသမ ၈ သန်းဖြင့် လည်းကောင်း ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ လွယ်ကူ လျင်မြန်စွာပေးပို့နိုင်မည်ဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာပြီး ဒေသခံပြည်သူများအတွက် လယ်ယာသုံးစက်ပစ္စည်းများ သွားလာရေးနှင့် လယ်ယာထွက်ကုန်များ၏ သယ်ယူပို့ဆောင်ရေးများ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

# ငါးများတွင် ဖြစ်ပွားလေ့ရှိသည့် ဗိုင်းရပ်စ် ငါးမျိုးနှင့် ရောဂါလက္ခဏာများ

**ငါးတွေမှာ အဖြစ်များတဲ့ ရောဂါပိုးတွေနဲ့ ရောဂါလက္ခဏာတွေကို ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့နယ် Nay Min- စီးပွားဖြစ် ငါးသားဖောက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းမှ ကျွမ်းကျင်သူထံ မေးမြန်းပြီး ရေးသားဖော်ပြလိုက်ပါတယ်။**

ရေချို၊ ရေငန်မှာ ရှင်သန်ပေါက်ပွားနေတဲ့ ငါးမျိုးစိတ်တွေမှာ ဖြစ်ပွားနိုင်တဲ့ ရောဂါပိုးတွေနဲ့ ရောဂါဖြစ်တည်ပုံ များစွာရှိတဲ့အနက် ခန္ဓာကိုယ်ချို့ယွင်းတဲ့ လက္ခဏာမျိုးဆိုရင် မကူးစက်တတ်တဲ့ရောဂါလို့ သတ်မှတ်ပြီး ပတ်ဝန်းကျင်အခြေအနေကြောင့် ဖြစ်ပွားတဲ့ရောဂါ၊ အစာအာဟာရကြောင့် ဖြစ်ပွားတဲ့ရောဂါဆိုပြီး ရှိပါတယ်။

ကူးစက်တတ်တဲ့ ရောဂါတွေမှာတော့ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်တဲ့ရောဂါ၊ ဗက်တီးရီးယား ကြောင့် ဖြစ်ပွားတတ်သော ရောဂါ၊ မှိုကြောင့် ဖြစ်ပွားတတ်တဲ့ ရောဂါ၊ ကပ်ပါးပိုးကြောင့် ဖြစ်ပွားတတ်တဲ့ရောဂါဆိုပြီး လေးမျိုးရှိပါတယ်။ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်တဲ့ရောဂါတွေထဲက ငါးတွေမှာ အဖြစ်များဆုံး ဗိုင်းရပ်စ်ငါးမျိုးကတော့

(၁) Epizootic ulceractive syndrome (EUS)

(၂) Koi herpes virus disease (KHVD)

(၃) Grass-carp reo viral disease

(၄) Viral nervous necrosis (VNN)

(၅) Grouper irido viral disease တို့ ဖြစ်ပါတယ်။


ဒီဗိုင်းရပ်စ်ရောဂါပိုးမျိုးတွေ ရှိလာတဲ့အခါ ငါးတွေရဲ့ (gross signs) ရောဂါ လက္ခဏာတွေကတော့ အစာစားနှုန်းကျဆင်းလာခြင်း၊ ကိုယ်အလေးချိန် ကျဆင်းလာခြင်း၊ ငါးများ ထိုင်းမှိုင်းပြီး ရေပေါ်တွင် ခေါင်းဖော်၍ ငြိမ်သက်စွာ ကူးနေခြင်း၊ ဦးခေါင်း၊ ဆူးတောင်၊ အမြီးပိုင်း၊ ကျောပိုင်းနဲ့ ပါးဟက်ပိုင်းတွေမှာ အနီစက်တွေ ဖြစ်ပေါ်လာခြင်း၊ ကိုယ်ပေါ်မှာ အနာကွက်တွေ ဖြစ်ပေါ်လာပြီး သွေးများယိုစီးလာခြင်းတို့ ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားစေတဲ့ အကြောင်းရင်းတွေကတော့ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေအပူချိန် ပြောင်းလဲခြင်း၊ အက်ဆစ်ဓာတ်မြင့်မားခြင်း၊ အောက်စီဂျင်ပျော်ဝင်မှုနှုန်း ကျဆင်းလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ဒီဗိုင်းရပ်စ်ရောဂါမျိုးကို ရေချို၊ ရေငန်စပ် ငါးမျိုးစိတ်အားလုံးမှာ ဖြစ်ပွားနိုင်ပါတယ်။ ရောဂါကာကွယ်ခြင်းနဲ့ ရောဂါထိန်းချုပ်ဖို့အတွက် ကန်ရေ၏ PH အဆင့်ပေါ်မူတည်ပြီး ထုံးထည့်ပေးခြင်း၊ bleaching powder ကို တစ်ကေ ကိုးပေါင်နှုန်း ထည့်သွင်းပေးနိုင်ပါတယ်။

ရောဂါကုသခြင်းအတွက်တော့ အောက်စီတက်ထွာဆိုက်ကလင်း ၁၀၀ ဂရမ် (အစာ ၁၀ ပိဿာ) နဲ့ ကုသပေးနိုင်ကြောင်း ပြောကြားပါတယ်။

**နန်းထက်ထက်ချစ်**




**အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ**

အကြမ်းဖက်မှုတိုင်းအတွက်
အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်။

**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

# ကရင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**ဘားအံ မတ် ၇**

ကရင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက်က ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ကာလတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရန်ပုံငွေခွင့်ပြုထားပြီးသည့် ဌာနများအနေဖြင့် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းနှင့် သက်ဆိုင်ရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအချို့မှာ ၂၅ ရာခိုင်နှုန်းခန့်နှင့် အချို့မှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေသည်ကိုလည်း မြင်တွေ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော် ရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာ စံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးဦးကျော်စိုး၊ အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်တို့က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မိုင်းယောင်းမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မိုင်းယောင်း မတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယမန်နေ့က ဌာနဆိုင်ရာများနှင့် တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ယာယီ ရပ်ဆိုင်းထားရှိရာမှ ပြန်လည် ဖွင့်လှစ်ခွင့်ရရှိပါက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ထွေ/အုပ်၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ စည်ပင်စသည့် ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်ရောင်နီ ပရဟိတလူမှုကူညီရေးအသင်း စသည့်လူမှုရေးအသင်းအဖွဲ့များက အ.ထ.က (မိုင်းယောင်း) ကျောင်းနှင့် အ.လ.က (တပ်တွင်း) ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများကို ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် စာသင်ကြားမှုများအား ရပ်နားထားရာ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရပါက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားသင်ယူနိုင်ရန်နှင့် စိတ်အေးချမ်းသာမှု ရရှိစေရန် ရည်ရွယ်၍ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ကြောင်း သိရသည်။

အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းကို ပုဗ္ဗသီရိ တပ်နယ်မှ ဗိုလ်မှူးလမင်းထွန်း ဦးဆောင်သည့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်၊ပေါင်းမြက်များ၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း ဖယ်ရှားခြင်း၊ စာသင်ဆောင်များ၊ စာသင်ခန်းများအား အတွင်းအပြင်သန့်ရှင်းရေး ဆောင်ရွက်ပေးကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စိတ်အေးချမ်းသာစွာနှင့် ပညာသင်ကြားသင်ယူနိုင်ရေးအတွက် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးပြည့်ဖြိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)၊**
**မောင်ယဉ်ဦး**





# ပင်လောင်းမြို့နယ် အထက(၂)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

**ပင်လောင်း မတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်ရှိသဖြင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့်ကျောင်းဥပမိရုပ်ကောင်းမွန်စေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်စွာကိုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ ပင်လောင်းမြို့မစခန်းမှူး ဒုတိယရဲမှူးအောင်မျိုးသူနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ ရဲအုပ်မျိုးသူရကျော်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးနေရဲကျော်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များ၊ ချုံနွယ်၊ မြက်များ ခုတ်ထွင်ရှင်းလင်းကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် မတ် ၇**

COVID-19 ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညို နိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ အမယ်လေးမျိုးလှူဒါန်း

**နေပြည်တော် မတ် ၇**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်၊ မွန်ပြည်နယ် ပေါင်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ဟင်္သာတမြို့၊ ချင်းပြည်နယ် ဖလမ်းမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ကိုးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ ချင်းပြည်နယ် ဖလမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်းကျောင်း ၂၀ ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု၊ ဝမ်ညှင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ် အုန်းတစ်ပင်ကျေးရွာ သုဝဏ္ဏဘုမ္မ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ္မဋ္ဌာနိကဗောဓိကျောင်းတိုက်နှင့် ချင်းပြည်နယ် ဖလမ်းမြို့ လုံပီးတောရစာသင်တိုက်များရှိ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရ ယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# စဥ့်ကိုင်၊ ဆိပ်ဖြူ၊ အမ်းနှင့် မဟာအောင်မြေမြို့နယ်တို့၌ မီးလောင်မှုများ ဖြစ်ပွား

### စဥ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာနေ ဦးမျိုးမြင့်၏နေအိမ်တွင် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ထမင်းပေါင်းအိုး တည်ထားခဲ့ရာ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှု ဖြစ်ခဲ့သည်။

မီးလောင်မှုကြောင့် ဦးမျိုးမြင့်၏ နေအိမ်အပါအဝင် ဦးမြတ်ညွန့်၊ ဦးနေလင်းတို့၏ နေအိမ်နှစ်လုံး၊ စုစုပေါင်း နေအိမ်သုံးလုံး မီးလောင်ခဲ့ရာ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်မျိုးထွန်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ပြည်သူများ စုပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမျိုးမြင့်အား စဥ့်ကိုင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆော-ကန်ပက်လက်သွားကားလမ်း မိုင်တိုင်အမှတ် ၄ မိုင် ၀ ဖာလုံအနီးတွင် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က အိမ်စီးကား မှန်လုံယာဉ်တစ်စီး မီးလောင်ခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့အနောက်ဘက် လေးမိုင်ခန့်အကွာ ဆိပ်ဖြူ-ဆော-ကန်ပက်လက်သွားကားလမ်းတွင် ယာဉ်တစ်စီး မီးလောင်နေကြောင်းသတင်းရရှိ၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး (ယာယီ) ဇော်မင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၃၃ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ခရီးသွားပြည်သူများ လမ်းပိတ်ဆို့မှုမရှိစေရန် ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါယာဉ်မှာ ဘရိတ်ရှူးငြိကာ အပူလွန်ကဲရာမှ ဆီပိုက်လိုင်းမှတစ်ဆင့် ကူးစက်လောင်ရခြင်းဖြစ်ပြီး ယာဉ်အချက်အလက်များနှင့် ယာဉ်ပိုင်ရှင်အား စုံစမ်းလျက်ရှိကာ ဆိပ်ဖြူမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အမ်း

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ အမ်းမြောက်အုပ်စု ရပ်သာလေကာကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရခြင်းမှာ အမ်းမြောက်အုပ်စု ရပ်သာလေကာကျေးရွာ ဦးကျင်လုံးပိုင်ဆိုင်သော လူနေထိုင်ခြင်းမရှိသည့် နေအိမ်အနီးရှိ ကိုင်းတောအမှိုက်ပုံရှို့မီးမှ နေအိမ်သို့ ကူးစက်လောင်ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ရာသို့ မီးသတ်ရေယာဉ်နှစ်စီးဖြင့် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန်းဌေး၊ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တပ်မတော်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် စုစုပေါင်း နေအိမ် ၁၂ အိမ်နှင့် ဆိုင်ကယ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးဘေးသင့်နေအိမ်များမှ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၆၆ ဦးသည် နီးစပ်ရာဆွေမျိုးများထံ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မီးရှို့သူအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

### မဟာအောင်မြေ

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ မတ် ၆ ရက်က လျှပ်စစ်မီးပလတ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်က မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ကျော်မိုး (ခ) မိုးသက်တင် (၂၄ နှစ်)၏ နေအိမ်၌ လျှပ်စစ်မီးပလတ်ခုံ အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ရာ ၁၇ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားကြောင်းနှင့် မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ကျော်မိုး (ခ) မိုးသက်တင်အား မဟာအောင်မြေမြို့နယ် အမှတ်(၇) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



စဥ့်ကိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွားသည့် နေအိမ်အား ဝိုင်းဝန်းငြိမ်းသတ်စဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် မွန်းလွဲ ၃ နာရီတွင် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု လယ်ပြင်ကြီးကျေးရွာအနီးတွင် ဇော်မျိုးသက် (ခ) ဖိုးပျော့ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဖိုးစီကွေး(ခ)ညီညီဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ စီမော်ကျေးရွာအုပ်စု စီမော်ကျေးရွာရှိ ဖိုးစီကွေး(ခ)ညီညီဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း သုည ဒသမ ၀၉ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၀ ပြားတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာင် - ကျောက်ဆည်သွားကားလမ်းတွင် စိုင်းမြင့်စိုး(ခ) အိုက်ယောင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၅) ရပ်ကွက်တွင် သိန်းဒိစံ မောင်းနှင်ပြီး နေလင်းစိုး(ခ) သားငယ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မတ် ၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နမ့်ပေါင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအနီး မိုင်းရယ်-လားရှိုးသွားကားလမ်းတွင် ကျဟဲ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



စိုင်းမြင့်စိုး(ခ)အိုက်ယောင်း အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

● *ကျောဖုံးမှ*

အမှတ်ပေးဇယားတွင်လည်း စီးရီးအေ ၂၅ ပွဲကစားပြီး ရမှတ် ၅၉ မှတ်ဖြင့် ဦးဆောင်ထားသည်။ အင်တာမီလန်အသင်းက အဆိုပါ ၂၅ ပွဲတွင် တိုက်စစ်ပိုင်းက ရဂိုး ၆၂ ဂိုးအထိ ရရှိထားသောကြောင့် ယခုနှစ်ရာသီ စီးရီးအေတွင် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေသည်။

အတ္တလန္တာအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံရှစ်ပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ထားသောကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေသည်။ ပြီးခဲ့သည့်နှစ်ပွဲတွင်လည်း ဆမ်ဒိုးရီးယားနှင့် ခရိုတုန်းအသင်းကို ဂိုးပြတ်အနိုင်ယူထားနိုင်သည်။ အတ္တလန္တာအသင်းသည် စီးရီးအေ ၂၅ ပွဲတွင် ရမှတ် ၄၉ မှတ် ရရှိထားသည်။ ထို့အပြင် အတ္တလန္တာအသင်းသည် အဆိုပါ ၂၅ ပွဲတွင် တိုက်စစ်ပိုင်းက ဂိုး ၆၀ အထိ သွင်းယူထားနိုင်သောကြောင့် ယခုနှစ်ရာသီ စီးရီးအေတွင် အင်တာမီလန်အသင်းပြီးနောက် ဒုတိယ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

အင်တာမီလန်အသင်းနှင့် အတ္တလန္တာအသင်းတို့ ပထမအကျော့ ယှဉ်ပြိုင်ကစားစဉ်က တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျထားသည်ကို တွေ့ရသည်။ ယနေ့ပွဲစဉ်တွင် စောင့်ကြည့်ရမည့် ကစားသမားအဖြစ် အင်တာမီလန်အသင်းမှ တိုက်စစ်မှူး လူကာကူနှင့် အတ္တလန္တာအသင်းမှ တိုက်စစ်မှူး မူရီရယ်တို့ရှိနေသည်။ လူကာကူသည် စီးရီးအေ ၂၄ ပွဲတွင် ၁၈ ဂိုးအထိ သွင်းယူပေးထားနိုင်ကာ ဂိုးရရှိအောင်လည်း ရှစ်ကြိမ်အထိ ဖန်တီးပေးထားနိုင်သည်။ မူရီရယ်က စီးရီးအေ ၂၁ ပွဲတွင် ကိုးဂိုးသွင်းယူကာ လေးကြိမ်ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။ ယနေ့ပွဲစဉ်သည် ယခုနှစ်ရာသီ စီးရီးအေတွင် တိုက်စစ်အကောင်းဆုံးအသင်းနှစ်သင်း ထိပ်တိုက်ဆုံတွေ့နေသောကြောင့် မည်သည့်အသင်းက အသာရသွားမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

အင်တာမီလန်အသင်းရော အတ္တလန္တာအသင်းပါ ယခုနှစ်ရာသီ စီးရီးအေ၌ အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းတည်ငြိမ်နေသည်ကို တွေ့ရသည်။ အင်တာမီလန်အသင်းသည် လာမည့်ပွဲစဉ်တွင် တိုရီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ယနေ့ပွဲစဉ်တွင် အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ အတ္တလန္တာအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ အတ္တလန္တာအသင်းကလည်း အမှတ်ပေးဇယား အထက်ပိုင်းသို့ တက်လှမ်းနိုင်ရန်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် အားစိုက်ကစားလာဖွယ်ရှိနေသည်။ **အောင်ဇော်**

# ဖူလ်ဟမ်ကို အိမ်ကွင်း၌ အရှုံးပေးလိုက်ရသည့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ်(၂၈) အဖြစ် မတ် ၇ ရက် ညပိုင်းတွင် လီဗာပူးနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဖူလ်ဟမ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

လီဗာပူးအသင်းသည် ၄-၃-၁-၂ ကစားကွက်ဖြင့် တိုက်စစ်တွင် ဆာလာနှင့် ဂျိုတာ အတွဲအဖက်ဖြင့် ပွဲထွက်လာပြီး ဖူလ်ဟမ်အသင်းက ၄-၄-၂ ကစားကွက်ဖြင့် ဂျို့စ်နှင့် ကာဗယ်လီယို တိုက်စစ်အတွဲဖြင့် လီဗာပူးကို ယှဉ်ပြိုင်ခဲ့သည်။ လီဗာပူးအသင်းက ဂိုးရရှိရေး ကြိုးစားခဲ့ပြီး ဖူလ်ဟမ်အသင်းကလည်း တန်ပြန်တိုက်စစ်မှ လီဗာပူးကို ပြန်လည်ဖိအားပေးခဲ့သည်။ ၃၄ မိနစ်တွင် ဖူလ်ဟမ် တိုက်စစ်မှူး၏ အနီးကပ်ကန်ချက်လွဲချော်မှုကြောင့် ဂိုးရခွင့် နစ်နာခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ဖူလ်ဟမ်တို့ တည်ကန်ဘောရရှိကာ ကန်သွင်းသောဘောလုံးကို လီဗာပူးမှ ဆာလာက ရရှိပြီး ဘောလုံးထိန်းသိမ်းနေစဉ် ဖူလ်ဟမ်မှ လီမင်နာက ဖြတ်ယူပြီး ကန်သွင်းရာမှ ဖူဟမ်တို့ ဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းအစတွင် လီဗာပူးတို့ ချေပဂိုးနှင့် အနိုင်ဂိုးရရှိရေး ကြိုးစားမှုကို ဖူလ်ဟမ်ဂိုးသမား လက်စွမ်းပြကာကွယ်နိုင်သလို တန်ပြန်တိုက်စစ်ဖြင့်လည်း လီဗာပူး ဂိုးပေါက်ကို ဖူဟမ်တို့ ပြန်လည်ခြိမ်းခြောက်ခဲ့သည်။ ပွဲပြီးခါနီးတွင် လီဗာပူးတို့ ဖိကစားနိုင်သော်လည်း ဂိုးကံခေမှုကြောင့် နစ်နာခဲ့ရသည်။ ပွဲပြီးသည်အထိ လီဗာပူးတို့ ချေပဂိုး မသွင်းနိုင်သဖြင့် တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ လီဗာပူးတို့ ၂၈ ပွဲကစား ၄၃ မှတ် ရရှိပြီး ဖူလ်ဟမ်က ၂၈ ပွဲကစား ၂၆ မှတ်ဖြင့် အဆင့် ၁၈ ဖြင့် တန်းဆင်းဇုန်၌ ရပ်တည်နေသည်။ **ကျော်ဇင်**

## ဖန်းမောက် - ကနန်းဒေသစိတ်သွား လမ်းမပေါ်ရှိ နန့်ကဇားချောင်းကူး သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်မျှော်လင့်

**ဖန်းမောက် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် နောင်ကန်အုပ်စု ပါပျဉ်းခမ်းကျေးရွာအနီး ဖန်းမောက်- ကနန်း ဒေသစိတ်သွား လမ်းမပေါ်ရှိ နန့်ကဇားချောင်းကူး သစ်သားတံတားကို ကွန်ကရစ်တံတား အဖြစ် တည်ဆောက်ပေးစေလိုကြောင်း ကနန်းဒေသစိတ်မှ ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါ နန့်ကဇားချောင်းသည် အကျယ်ပေ ၂၀၀ ကျော်ရှိပြီး နှစ်စဉ်ယာယီသစ်သားတံတားကို တည်ဆောက်ပေးထားသော်လည်း မိုးရာသီရောက်ပါက တောင်ကျရေများ စီးဆင်းလာသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သဖြင့် ယာယီသစ်သားတံတားမှာ ရေစီးနှင့်အတူ မျောပါခြင်းကြောင့် ခရီးသွားလာရေးအခက်အခဲများ ရှိသည်။ အထူးသဖြင့် မိုးရာသီကာလ၌ အရေးကြီးလူနာများအား မြို့သို့ပို့ဆောင်ကြရာတွင် တံတားမရှိခြင်းကြောင့် ချောင်းရေအကျကိုစောင့်ဆိုင်းနေကြရသဖြင့် အသက်အန္တရာယ်စိုးရိမ်ရပြီး အချို့မှာ အသက်ပါ တိမ်းပါးခဲ့ခြင်းများလည်းရှိခဲ့ကြောင်း သိရသည်။

"ဒီဖန်းမောက် – ကနန်းဒေသစိတ်သွား ကားလမ်းမပေါ်မှာရှိတဲ့ ချောင်းတွေကို အကုန် ကွန်ကရစ်တံတားတွေ တည်ဆောက်ပေးထားပြီးပြီ။ ကျွန်တော်တို့ရွာ ပါပျဉ်းခမ်းနားက နန့်ကဇားချောင်းကူး တံတားပဲကျန်တော့တာ။ ပြီးခဲ့တဲ့နှစ် မိုးရာသီက ရေကြီးရေလျှံမှု ဖြစ်တော့ အရေးကြီးလူနာတင်လာတဲ့ကားက ယာယီတည်ဆောက်ထားတဲ့ တံတားကို တက်ပြီးမောင်းချင်ပေမယ့် တံတားက ကားနဲ့ မလွတ်ဘူးဖြစ်နေတယ်။ ဒါနဲ့ ဘေးတစ်ဖက်တစ်ချက်မှာရှိတဲ့ တံတားတိုင်တွေကို ဓားနဲ့ဖျင်ပြီး ဖြည်းဖြည်းမောင်းခဲ့ရတယ်။ ဘာဖြစ်ဖြစ် ဒီဒေသမှာ ဒီချောင်းကူးတံတားပဲ ကျန်တော့တာပါ။ ကွန်ကရစ်တံတား တည်ဆောက် ပေးရင်တော့ အတိုင်းထက်အလွန် ဝမ်းသာတာပေါ့"ဟု ပါပျဉ်းခမ်းကျေးရွာနေ ဦးစောမောင်က ပြောသည်။

ဖန်းမောက်မြို့နယ်အတွင်းရှိ ကနန်းဒေသစိတ်သည် ဖန်းမောက်မြို့နှင့် မိုင် ၆၀ ကျော်ဝေးပြီး မြို့နယ်အဆုံးဖြစ်ကာ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၂၄ ရွာရှိ ဒေသစိတ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးပါက ကနန်းဒေသစိတ်ရှိ ကျေးလက်ဒေသများသာမက မြို့နယ် ကျေးရွာချင်းဆက်ဖြစ်သော ပင်လယ်ဘူး၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့နယ်များသို့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ပါ ကူးသန်းသွားလာရာတွင် အဆင်ပြေချောမွေ့လာတော့မည်ဖြစ်သောကြောင့် ကွန်ကရစ်တံတားတည်ဆောက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြခြင်းဖြစ်သည်။

**လှိုင်ဘွား(ဖန်းမောက်)**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# ဖာပွန်မြို့တွင် သံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံပေး

**ဖာပွန် မတ် ၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့၌ သံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မတ် ၇ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲ၌ စတင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက တစ်ကြိမ်လျှင် ၁၀ ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိရာ ဖာပွန်မြို့နယ်အတွင်းရှိ သံဃာတော်များ၊ သီလရှင် ဆရာလေးများ၊ဘာသာရေးခေါင်းဆောင်များနှင့် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



သံဃာတော်တစ်ပါးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေကို ဖာပွန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် ဖာပွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးတို့က လာရောက်ကြည့်ရှုခဲ့ကြပြီး ယနေ့ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပြီးသူများအား လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကာ ကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးပြီးမှသာလျှင် ရောဂါကာကွယ်နိုင်စွမ်းကို အပြည့်အဝ ရရှိမည်ကြောင်း ဖာပွန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

**စိုင်းကျော်ဝဏ္ဏ(ပြန်/ဆက်)**

# မြောက်ဦးမြို့၌ အောက်ဆီဂျင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်ရန် ပန္နက်တင်ပွဲကျင်းပ

**မြောက်ဦး မတ် ၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် အောက်ဆီဂျင် ထုတ်လုပ်ပေးနိုင်သည့် စက်ရုံ တည်ဆောက်ရန် ပန္နက်တင်ပွဲကို မတ် ၇ ရက်က မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးရှေ့ စက်ရုံတည်ဆောက်မည့် မြေနေရာ၌ ရတနာ့မာရ်အောင်ကျောင်းတိုက်မှ မြောက်ဦးဆရာတော်ကြီး ဝနဝါသီ အရှင်ဝါယာမိန္ဒ ဦးစီးလျက် ကျင်းပခဲ့သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို ရခိုင်ပြည်နယ်တစ်ခုလုံး အောက်ဆီဂျင် လုံလောက်စွာရရှိနိုင်ရေးအတွက် ရည်ရွယ်ပြီး တည်ဆောက်ခြင်းဖြစ် ကြောင်း သိရသည်။ ပန္နက်တင်ပွဲတွင် ဆရာတော် သံဃာတော်များက မြောက်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များအား သီလချီးမြှင့်ပြီးနောက် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်၍ သတ်မှတ်နေရာများတွင် ပန္နက်များတင်ပေးကြကာ တက်ရောက်လာသော အလှူရှင်စေတနာရှင်များက စက်ရုံတည်ဆောက်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်မည့် စက်ရုံသည် အလျား ပေ ၅၀၊ အနံ ပေ ၂၀ နှင့် အမြင့် ၁၈ ပေရှိ အာရ်စီအဆောက်အအုံဖြစ်ပြီး စက်ရုံ တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အောက်ဆီဂျင်ဘူး ၄၀ ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ ယင်းအောက်ဆီဂျင်ဘူးများဖြင့် ပုဏ္ဏားကျွန်း၊ ယိုးတရုတ်၊ ကျောက်တော်၊ အပေါက်ဝ၊ တိန်ညို၊ ပန်းမြောင်း၊ မြောက်ဦး၊ မြောင်းဘွေ၊ မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် ကမ်းထောင့်ကြီးမြို့နယ်များရှိ ပြည်သူ့ဆေးရုံများ၌ လာရောက် ဆေးကုသမှု ခံယူနေသော လူနာများနှင့် ပြင်ပ အရေးပေါ်လူနာများ၏ အောက်ဆီဂျင် အရေးပေါ် လိုအပ်ချက်များအတွက် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မြောက်ဦးမြို့ နန်းရိပ်ကရုဏာ အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမောင်ဝင်းချေထံမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



# ငါ့သရောက်မြို့တွင် နွားစာရှားပါးခြင်းကြောင့် သစ်ရွက်၊ သစ်သီးများ ခူးကျွေးနေရ

**ငါ့သရောက် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ ယခုနှစ်တွင် နွေဦးမပေါက်မီမှာပင် နွားစာရှားပါးလာမှုကြောင့် ကျေးလက်ဒေသနေ တောင်သူများအနေဖြင့် သစ်ရွက်၊ သစ်သီးများ ခူးယူကာ နွားများကို ကျွေးနေရပြီဖြစ်ကြောင်း ဒေသခံတောင်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ကာ နှစ်စဉ်နှစ်တိုင်း မိုးရေချိန် ၁၅ လက်မအောက်သာ ရွာသွန်းလေ့ရှိခြင်းကြောင့် ငါ့သရောက်မြို့တွင် နှစ်တိုင်း ဆောင်းလယ်ကာလရောက်လျှင် နွားစာရှားပါးလာသည့် အခက်အခဲကို စတင်ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

နွားစာရှားပါးချိန် နွေဦးပေါက်ကာလတွင် တောင်သူများအနေဖြင့် ထနောင်းရွက်၊ ရှားရွက်၊ ရှားသီး၊ တမာရွက်၊ ညောင်ရွက်၊ ပင်းခံရွက်၊ လဲလူရွက်၊ ကုက္ကိုရွက်၊ ဖလန်ရွက်နှင့် စွယ်တော်ရွက်များကို ဆွတ်ခူး၍ ကျွေးရလေ့ ရှိကြောင်း ဆင်သားမွေးကျေးရွာမှ တောင်သူ ဦးခင်မောင်ထွန်းက ပြောသည်။

ပုံမှန်အားဖြင့် နွားစာအတွက် ပြောင်းများ၊ မြေပဲရိုးများ၊ ပဲစင်းငုံမှော်များကို ကျွေးရသော်လည်း မိုးမကောင်း၍ အပင်ဖြစ်ထွန်းမှုမရှိခြင်းက နွားစာအတွက် အခက်အခဲဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နွားစာမြက်ပေါ်ချိန်အထိ သစ်သီးသစ်ရွက်များ ရှာဖွေဆွတ်ခူး၍ ကျွေးနေရပြီး ထန်းသီးပေါ်ချိန်နှင့် ထန်းနို့ထွက်ချိန်များတွင်မူ တောင်သူများအနေဖြင့် နွားစာအတွက် ယာယီ စိတ်အေးရကာ ထန်းသီးနှင့် ထန်းနို့များကိုစဉ်း၍ နွားစာအဖြစ်ကျွေးနိုင်ကြောင်း တောင်တောကျေးရွာမှ တောင်သူ ဦးစိုးမင်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် ငါ့သရောက်မြို့နယ် အတွင်းမှ ကျေးလက်တောင်သူများအနေဖြင့် ခိုင်းနွားများအတွက်သာ နွားစာခက်ခဲသည် မဟုတ်ဘဲ စီးပွားဖြစ်မွေးမြူကြသည့် နွားအုပ်များအတွက်လည်း နွားစာခက်ခဲကာ တောထဲ တောင်ထဲတွင် နွားစာမြက်များ အလွန်ရှားပါးလာကြောင်း၊ တောထဲ နွားကျောင်းသွားချိန်တွင် ဝါးလုံးရှည်တစ်လုံးကို နွားကျောင်းသွားရင်း ယူသွားရလေ့ရှိကာ ထနောင်းပင်များမှ ထနောင်းသီးများ၊ ရှားပင်မှ ရှားသီးများကို ပုတ်ချ၍ နွားအုပ်များကို မြက်အစား ထနောင်းသီးနှင့်ရှားသီးများ ကျွေးရလေ့ရှိကြောင်းလည်း သိရသည်။

ခိုင်းနွားများအတွက်လည်း ထနောင်းသီး၊ ရှားသီးများ ရှာဖွေပုတ်ချ၍ ကောက်ယူပြီးနောက် ပြောင်းရိုးများ၊ သစ်ရွက်များ၊ ထန်းသီး၊ ထန်းနို့များဖြင့် ရောကျွေးလေ့ရှိကြောင်း သိရကာ လက်ရှိအချိန် နွေဦးပေါက်ကာလမှာပင် နွားစာမြက်များ ရှားပါးနေပြီဖြစ်၍ လာမည့် နွေရာသီတစ်လျှောက်တွင်လည်း တောင်သူများအနေဖြင့် နွားစာရှားပါးသည့် အခက်အခဲကို ဆက်လက် ရင်ဆိုင်သွားကြရမည်ဖြစ်ကြောင်း ကုလားတဲကျေးရွာမှ တောင်သူ ဦးသန်းထိုက်က ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**
**အေးအေးမိုး(ငါ့သရောက်)**



နွားစာကျွေးရန်အတွက် ထနောင်းသီးများ ကောက်ယူစုဆောင်းနေသော တောင်သူများ။

# ပင်လယ်ဘူးမြို့နယ် ပင်းကြိုင်းစံပြကျေးရွာ စာသင်တိုက်သို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ဗန်းမောက် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လယ်ဘူးမြို့နယ် ပင်းကြိုင်းစံပြကျေးရွာရှိ သဒ္ဓမ္မနန္ဒ ပရိယတ္တိ စာသင်တိုက်အတွက် ဆွမ်းဆန်တော်အလှူရှင် ဒါယကာ ဒါယိကာမများက ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဗန်းမောက်မြို့နယ် ကနန်းဒေသ နန်းဇားရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၆ ရက် ညနေပိုင်းက ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပင်းကြိုင်းစံပြကျေးရွာ သဒ္ဓမ္မနန္ဒ ပရိယတ္တိစာသင်တိုက်နှင့် ရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ(မဟာဂန္ထဝါစကပဏ္ဍိတ)က ဆွမ်းဆန်တော် အိတ်အလုံးရေ ၈၀ ကျော်ကို လက်ခံတော်မူပြီးနောက် ဆွမ်းဆန်တော်အလှူရှင်များဖြစ်သော နန်းဇား၊ တွန်ပုတ်၊ ပေတာနှင့် ဟဲဟွန်ရွာတို့မှ ဒါယကာ ဒါယိကာမများအား ဆွမ်းဆန်တော်လှူဒါန်းရသော အကျိုးကျေးဇူး တရားတော်ကို ဟောကြားခဲ့သည်။ သဒ္ဓမ္မနန္ဒ ပရိယတ္တိစာသင်တိုက်တွင် တိုက်အုပ်ဆရာတော် တစ်ပါးနှင့် ခန်းနေသံဃာတော် ငါးပါး၊ စာသင်သံဃာတော် ၃၉ ပါးရှိပြီး ရိပ်သာဝင်နေသူ သက်ကြီးရွယ်အို ဘိုးဘွား ၂၀ ကျော်လည်းရှိကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

## ကော့သောင်းမြို့၌ သင်္ဘောသားအလှဲအပြောင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက် နေရပ်ပြန် မြန်မာသင်္ဘောသားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထား

**ကော့သောင်း မတ် ၇**
နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောများပေါ်တွင် သွားရောက် တာဝန်ထမ်းဆောင်မည့် မြန်မာသင်္ဘောသားများအား ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်သည့် လုပ်ငန်းများကို ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် သင်္ဘောများပေါ်မှဆင်း၍ မြန်မာနိုင်ငံအတွင်း နေရပ်ဒေသများသို့ ပြန်ကြမည့် မြန်မာ သင်္ဘောသားများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကော့သောင်းမြို့၌ အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

မတ် ၇ ရက်တွင်လည်း MT.NEW INTEGRITY သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်မည့် ကပ္ပတိန် ဦးသန်းဇော်ပါ မြန်မာသင်္ဘောသား ကိုးဦးသည် ကော့သောင်းမြို့မဆိပ်ကမ်းမှ တစ်ဆင့် တာဝန်ထမ်းဆောင်မည့် သင်္ဘောပေါ်သို့ တက်ရောက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောပေါ်မှ တာဝန်ပြီးဆုံး၍ ထွက်လာမည့် သင်္ဘောသား ကိုးဦးမှာ မတ် ၇ ရက် ညနေပိုင်းတွင် ကော့သောင်းဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိလာကြမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ၎င်းတို့အနေဖြင့် ကော့သောင်းမြို့တွင် ဟိုတယ်၌ ၁၄ ရက်ကြာ အသွားအလာကန့်သတ်နေထိုင်၍ စောင့်ကြည့်မှု ခံယူကြရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



သင်္ဘောပေါ်တွင်တာဝန်ထမ်းဆောင်ရန် မြန်မာသင်္ဘောသားများ ကော့သောင်းဆိပ်ကမ်းမှ ထွက်ခွာစဉ်။

## မိုင်းဖြတ်မြို့၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာစေရန် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မိုင်းဖြတ် မတ် ၇**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကြောင့် ယာယီပိတ်ထားသော အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းများ၏ ဥပစာရပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး အထက(မိုင်းဖြတ်)နှင့် အထက(ဟိုနား) ကျောင်းများ၌ မတ် ၆ ရက်က ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အထက(မိုင်းဖြတ်)နှင့် အထက(ဟိုနား) ကျောင်းများ၏ ကျောင်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ကျောင်းဆောင်များအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကာ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို စစ်ဆင်ရေးကွပ်ကဲရေးမှူး၊ မိုင်းဖြတ်တပ်နယ်မှူး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကြည့်ရှုအားပေးခဲ့သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



## နမ့်စန်မြို့နယ် ဝမ်ကျောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားသစ် တည်ဆောက်နေ

**နမ့်စန် မတ် ၇**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဝမ်ကျောင်းကျေးရွာရှိဒေသခံတောင်သူများ၏ လယ်ယာမြေများမှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ ရောက်ရှိစေရေးအတွက် ကျေးလက်ကုန်ထုတ်တံတားတစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



အဆိုပါ ဝမ်ကျောင်းကျေးရွာ ကုန်ထုတ်တံတားသည် အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆၄ ဒသမ ၇၄၂ သန်းဖြင့် တင်ဒါအောင်မြင်သော သူရိန်ဇော်ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလအတွင်း စတင် တည်ဆောက်နေခြင်းဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်တံတားသစ် တည်ဆောက်နေမှု အခြေအနေကို နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်စိုးဝင်းနှင့် ဝန်ထမ်းများက မတ် ၇ ရက်တွင် ကျေးရွာကုန်ထုတ်တံတားဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကာ ကုမ္ပဏီမှ တာဝန်ရှိသူများက တံတားတည်ဆောက်နေမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသခဲ့ပြီးနောက် မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအချိန်မီ ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးအတွက် အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

**ငြိမ်းသူ**

## လှိုင်းဘွဲ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**လှိုင်းဘွဲ မတ် ၇**
ပွင့်လင်းရာသီကာလ ရောက်ရှိလာပြီဖြစ်၍ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ မတ် ၆ ရက်က ဆောင်ရွက်ခဲ့သည်။

မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးလှိုင်ထွေးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီးနောက် မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့်အုပ်၍ မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူး သုံးစွဲနည်းအဆင့်ဆင့်တို့ကို လက်တွေ့ပြုလုပ်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## မင်းဘူးမြို့နယ်၌ ပဲတီစိမ်းကို နည်းစနစ်မှန်ကန်စွာစိုက်ပျိုး၍ အထွက်နှုန်းတိုးပြီး ဈေးကောင်းရနေ

**မင်းဘူး မတ် ၇**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာတွင် ပဲတီစိမ်းသီးနှံများကို နည်းစနစ်မှန်ကန်စွာ စနစ်တကျ စိုက်ပျိုးနေကြပြီဖြစ်သဖြင့် ပဲတီစိမ်းများ အထွက်နှုန်းပိုကောင်းလာသလို ဈေးနှုန်းမှာလည်း ဈေးကောင်းရနေသောကြောင့် တောင်သူများ အဆင်ပြေနေကြောင်း ဥယျာဉ်ဇင်ကျေးရွာရှိ ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

ပဲတီစိမ်းသီးနှံသည် စိုက်ပျိုးသူများသကဲ့သို့ ပြည်တွင်းဈေးကွက်ထဲတွင်လည်း ဈေးကောင်းရလေ့ရှိသော သီးနှံဖြစ်သည်။ မိုးစပါးအပြီး သီးထပ်အဖြစ် စိုက်ပျိုးကြသူများရှိသလို မြေကြီးအတွင်းရှိ မြေ၏အစိုဓာတ်ကိုဖမ်းပြီး စိုက်ပျိုးကြသူများနှင့် ရေသွင်းစိုက်ပျိုးကြသူများလည်း ရှိသည်။ ရေသွင်းစိုက်ပျိုးနည်းဖြင့် စိုက်ပါက ပန်းပွင့်ချိန်နှင့် သီးတောင့်များ အစေ့အဆံရင့်ချိန်တွင် ရေပေးနိုင်လျှင် ပို၍ကောင်းသည်။

ပဲတီစိမ်းပင်များတွင် စိုက်ပျိုးချိန်၊ မျိုးစေ့ချချိန်၊ အပွင့်ပွင့်ချိန်၊ အစေ့တည်ချိန်များသည် ရေလိုအပ်ချိန်များ ဖြစ်သည်။ သို့သော် ရေသွင်းသည့်ပမာဏ သင့်တင့်မှန်ကန်မှုရှိမှသာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်သည်။ မျိုးစေ့မှ အပင်ပေါက်ပြီး နှစ်လသားအတွင်း အစိုဓာတ် လုံလောက်မှုရှိရမည်။ ပန်းပွင့်ချိန်မှ ရိတ်သိမ်းချိန်အထိ မြေအစိုဓာတ်အနည်းငယ်နှင့် အေးမြနေလျှင် အထွက်နှုန်းကောင်းသော်လည်း ပန်းပွင့်ချိန်တွင် အပူချိန်မြင့်မားနေလျှင် အထွက်နှုန်းကို ထိခိုက်နိုင်သည်။

ယခုနှစ် ပဲတီစိမ်းများပေါ်ချိန်တွင် ယခင်က တစ်တင်း ကျပ် ၄၁၀၀၀ ဈေးမှ အနည်းငယ်ကျဆင်းလာခဲ့ရာ ယခုအခါ တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဈေးဖြင့်သာ ရောင်းချရကြောင်း ဒေသခံတောင်သူ ကိုဘိုကြီးထံမှ သိရသည်။ မင်းဘူးမြို့တွင် ပွဲရုံများစွာရှိသော်လည်း ဈေးများမှာ ညှိထားသကဲ့သို့ တစ်ရုံနှင့်တစ်ရုံ ကျပ် ၅၀၀ ခန့်သာကွာပြီး ပေါက်ဈေးရှိကြောင်းနှင့် ယခုနှစ်တွင် ပဲစင်းငုံများ အထွက်နှုန်းကောင်းသလို ဈေးနှုန်းမှာလည်း သင့်တင့်သောကြောင့် တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

# ခြေစွမ်းတည်ငြိမ်နေတဲ့ ချယ်ဆီးကို အဲဗာတန်အသင်း ကျော်ဖြတ်သွားနိုင်မလား

# လိဒ်စ်ကို အနိုင်ယူကာ အမှတ်ပေးဇယား အထက်ပိုင်းကို တက်လှမ်းဖို့ရှိနေတဲ့ ဝက်စ်ဟမ်း





■ မိုးဇက် - စုစည်းသည်

**ချယ်ဆီး vs အဲဗာတန်**

ပထမအကျော့ရလဒ် အဲဗာတန် ၁-၀ ချယ်ဆီး

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ချယ်ဆီးအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်ကို မတ် ၉ ရက် နံနက်အစောပိုင်းမှာ ချယ်ဆီးအိမ်ကွင်း၌ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ချယ်ဆီးအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပွဲစဉ်သုံးပွဲမှာ အက်သလက်တီကို မက်ဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပြီး မန်ယူအသင်းကို ဂိုးမရှိသရေကျထားကာ လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် ကောင်းမွန်နေပါတယ်။ ဒ့ါအပြင် ချယ်ဆီးအသင်းက နည်းပြသစ် တူချယ်လက်အောက်မှာ နောက်ဆုံး (၁၀) ပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိတာကြောင့်လည်း ခြေစွမ်းအထူးကောင်းမွန်နေပါတယ်။ အဲဗာတန်အသင်းကလည်း နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ သုံးပွဲမှာ လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဘရွန်းအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ ဒီနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်ရင် ချယ်ဆီးအသင်းက ပရီမီယာလိဂ် (၂၇) ပွဲကစားပြီး ၄၇ မှတ်ရရှိထားပါတယ်။ အဲဗာတန်အသင်းက (၂၆) ပွဲကစားပြီး ၄၆ မှတ်ရရှိထားပါတယ်။ ဒါကြောင့် အဆိုပါ နှစ်သင်းရဲ့ ရမှတ်ကွာဟမှုက တစ်မှတ်သာရှိတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိနေပါတယ်။

### အဲဗာတန်အသင်း အဝေးကွင်းစွမ်းဆောင်ရည် သာလွန်

ချယ်ဆီးအသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်၌ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်း ၁၃ ပွဲမှာ ရှုံးပွဲနှစ်ပွဲကြုံတွေ့ထားပြီး ၂၃ မှတ်စုဆောင်းထားနိုင်ပါတယ်။ အဝေးကွင်း ၁၄ ပွဲမှာ ရှုံးပွဲက လေးပွဲအထိကြုံတွေ့ထားပေမယ့် ၂၄ မှတ်အထိ စုဆောင်းထားနိုင်ပါတယ်။ အဲဗာတန်အသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်း ၁၃ ပွဲမှာ ရှုံးပွဲ ခြောက်ပွဲအထိ ကြုံတွေ့ထားပြီး ၁၇ မှတ်စုဆောင်းထားနိုင်ပါတယ်။ အဝေးကွင်း ၁၃ ပွဲမှာ ၂၉ မှတ်အထိ စုဆောင်းထားနိုင်ပါတယ်။ ဒါကြောင့် အဲဗာတန်အသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် သာလွန်နေတာကို တွေ့ရတယ်။ ဒါကြောင့် ခြေစွမ်းတည်ငြိမ်နေတဲ့ ချယ်ဆီးနဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကောင်းမွန်နေတဲ့ အဲဗာတန်အသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ ချယ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းမှ ဗီယက်နဲ့ အဲဗာတန်အသင်းရဲ့ တိုက်စစ်ပိုင်းမှ ကားဗက်လီဝင်တို့ရဲ့ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်ရင် ဗီယက်က ၁၄ ပွဲမှာ တစ်ဂိုးသာသွင်းယူထားနိုင်ပြီး ကားဗက်လီဝင်က ၂၃ ပွဲမှာ ၁၃ ဂိုးအထိ သွင်းယူပေးထားနိုင်ပါတယ်။ ဒါကြောင့် အဆိုပါ ကစားသမား နှစ်ဦးရဲ့ စွမ်းဆောင်ရည်ကိုလည်း ယနေ့ပွဲစဉ်မှာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ အဲဗာတန်အသင်းက ယနေ့ပွဲစဉ်မှာ ချယ်ဆီးအသင်းကို နိုင်ရင် ရမှတ် ၄၉ မှတ်နဲ့ အဆင့် (၄) ကို ရပ်တည်နိုင်မှာဖြစ်လို့ အားစိုက်ကစားလာဖွယ်ရှိနေပါတယ်။

**ဝက်စ်ဟမ်း vs လိဒ်စ်**

ပထမအကျော့ရလဒ် လိဒ်စ် ၁-၂ ဝက်စ်ဟမ်း

ပရီမီယာလိဂ်ပွဲစဉ် (၂၇) အဖြစ် ဝက်စ်ဟမ်းအသင်းနဲ့ လိဒ်စ်အသင်းတို့ရဲ့ပွဲစဉ်ကို မတ် ၉ ရက် နံနက် ၂ နာရီခွဲမှာ ဝက်စ်ဟမ်းအိမ်ကွင်း၌ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းက ရှက်ဖီးလ်၊ စပါးအသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပေမယ့် ပြီးခဲ့တဲ့ မန်စီးတီးအသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ အမှတ်ပေးဇယားမှာ ဝက်စ်ဟမ်းအသင်းက (၂၆) ပွဲကစားပြီး အမှတ်ပေးဇယားအထက်ပိုင်းမှာ ရပ်တည်နေပါတယ်။ လိဒ်စ်အသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပေမယ့် ပြီးခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းနဲ့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ ဒ့ါအပြင် လိဒ်စ်အသင်းက မတ် ၁၃ ရက်မှာ အသင်းကြီး ချယ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာပါ။ အမှတ်ပေးဇယား ရပ်တည်မှုမှာ လိဒ်စ်အသင်းက (၂၆) ပွဲကစားပြီး ၃၅ မှတ်နဲ့ ဝက်စ်ဟမ်းအသင်းအောက်မှာ ရပ်တည်နေပါတယ်။ လိဒ်စ်အသင်းရဲ့ နောက်ဆုံး လေးပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းအကျဘက်ရောက်နေပါတယ်။

### နိုင်ပွဲပြန်လည်ရှာတွေ့အောင် ကြိုးပမ်းလာမည်

ဝက်စ်ဟမ်းနဲ့ လိဒ်စ်အသင်းတို့ ပထမအကျော့တွေ့ဆုံမှုမှာ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဒ့ါအပြင် ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးကြိမ်မှာ ဝက်စ်ဟမ်းအသင်းက အသာရထားပြီး နှစ်ကြိမ်သရေကျထားကာ တစ်ကြိမ်အနိုင်ရရှိထားတယ်။ ဒါကြောင့် လိဒ်စ်အသင်းအနေနဲ့ ယခုအကြိမ်တွေ့ဆုံမှုမှာ ဝက်စ်ဟမ်းအသင်းကို အသာရသွားနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယခုပွဲစဉ်မတိုင်မီ ဒဏ်ရာရကစားသမားအနေနဲ့ ဝက်စ်ဟမ်းအသင်းမှာ ယာမိုလန်ကို၊ အော့ဘွန်နာ၊ မာဆော့ကူတို့ရှိနေပါတယ်။ လိဒ်စ်အသင်းမှာ ဖော်ရှော၊ ဘီရာဒီ၊ ကော့ချ်တို့ ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်ကို ပါဝင်ကစားဖို့ မသေချာပါဘူး။ ဝက်စ်ဟမ်းအသင်းရဲ့ ယခုနှစ် ပရီမီယာလိဂ် အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်ကို ကြည့်ရင် အိမ်ကွင်းမှာ အနည်းငယ်သာလွန်နေတာကို တွေ့ရတယ်။ လိဒ်စ်အသင်းက ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည် တည်ငြိမ်တာကို တွေ့ရတယ်။ ဝက်စ်ဟမ်းအသင်းရော လိဒ်စ်အသင်းပါ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ထားတာကြောင့် ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် သေချာပြင်ဆင်လာမှာပါ။ ဝက်စ်ဟမ်းအသင်းက မတ် ၁၅ ရက်နဲ့ ၂၁ ရက်မှာ အသင်းကြီး မန်ယူ၊ အာဆင်နယ်တို့နဲ့ ဆက်တိုက်ကစားရမှာ ဖြစ်တာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင် အသေအချာပြင်ဆင်လာမှာပါ။ ဒ့ါအပြင် ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ်ကို အနိုင်ရရှိရင် အမှတ်ပေးဇယားအထက်ပိုင်းကို တက်လှမ်းနိုင်မှာဖြစ်တာကြောင့်လည်း နိုင်ပွဲပြန်လည်ရှာတွေ့ အောင် ကြိုးပမ်းလာမှာ သေချာပါတယ်။ လိဒ်စ်အသင်းထက် ဝက်စ်ဟမ်းအသင်း နိုင်ပွဲရရှိနိုင်ပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

■ မန်စီးတီးအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ကွင်းလယ်ကစားသမား ရာဘီရော့ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ အဆိုပါ အသက် (၂၅နှစ်) အရွယ် ပြင်သစ်ကစားသမားကို အဲဗာတန်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ လက်စတာအသင်းသည် အသင်းမှ အသက် (၃၄နှစ်) အရွယ် တိုက်စစ်ကစားသမား ဗာဒီကို အထောက်အကူပြုနိုင်ရန် အလို့ငှာ နွေရာသီတွင် ကစားသမားသစ်များ ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ မန်ယူအသင်းသည် လိဒ်စ်အသင်းမှ အသက် (၂၄နှစ်) အရွယ် ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာကို နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားဖွယ်ရှိကြောင်း သိရသည်။



■ မန်ယူအသင်းသည် ဖရန့်ဖတ်အသင်းမှ အသက် (၂၅နှစ်) အရွယ် ပေါ်တူဂီတိုက်စစ်ကစားသမား အန်ဒရီ ဆီးဗားလ်ကို အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အပြိုင် ကမ်းလှမ်းသွားရမည်ဖြစ်ကြောင်း သိရသည်။

■ ချယ်ဆီးအသင်းသည် အသင်းမှ အသက် (၂၈နှစ်) အရွယ် ဂျာမနီခံစစ်ကစားသမား ရူဒီဂါကို စာချုပ်သစ်နှင့်ပတ်သက်ပြီး ဆွေးနွေးရန် စီစဉ်နေကြောင်း သိရသည်။ စာချုပ်သစ်နှင့်ပတ်သက်ပြီး ချယ်ဆီးအသင်းနှင့် ရူဒီဂါတို့အကြား သဘောတူညီမှုမရရှိပါက စပါးအသင်းက အဆိုပါ ခံစစ်ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ချယ်ဆီး အသင်းအတွက် ပရီမီယာလိဂ်တွင် ၁၆ ပွဲ ပါဝင်ကစားခွင့်ရရှိထားကြောင်း သိရသည်။

# အိမ်ကွင်းမှာ လာဇီယိုကို အနိုင်ယူနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်အသင်း


ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား မိုရာတာ လာဇီယိုအသင်းဘက်သို့ ပယ်နယ်တီဖြင့် ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

အီတလီစီးရီးအေပွဲစဉ် (၂၆) အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် လာဇီယိုအသင်းတို့ မတ် ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် ဂိုးများကို ရာဘီရော့နှင့် မိုရာတာတို့က သွင်းယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် စီးရီးအေ (၂၅) ပွဲကစားပြီး ၅၂ မှတ်နဲ့ အဆင့် (၃) နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ လာဇီယိုအသင်းက ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် (၂၅) ပွဲကစားပြီး ၄၃ မှတ်နှင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသည်။

ဂျူဗင်တပ်စ်အသင်းသည် ပြီးခဲ့သည့် စပီဇီယာအသင်းကို သုံးဂိုး-ဂိုးမရှိနှင့်အနိုင်ရရှိခဲ့သောပွဲစဉ်မှ လူစာရင်းကို လေးဦးအထိ အပြောင်းအလဲပြုလုပ်ကာ လာဇီယိုအသင်းကို ရင်ဆိုင်လာခဲ့သည်။ လာဇီယိုအသင်းက ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး-ဂိုးမရှိနှင့် ရှုံးနိမ့်ခဲ့သည့် လူစာရင်းကို နှစ်ဦးသာအပြောင်းအလဲပြုလုပ်ပြီး ဂျူဗင်တပ်စ်အသင်းကို ယှဉ်ပြိုင်လာခဲ့သည်။

ဦးဆောင်ဂိုးကို လာဇီယိုအသင်းက စတင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၁၄ မိနစ်တွင် ကော်ရဲရားက သွင်းယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် မိုရာတာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ရာဘီရော့က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်း ပွဲချိန်ကို တစ်ဖက်တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် လာဇီယိုအသင်းသည် ဂျူဗင်တပ်စ်အသင်းကို အသာစီးရယူနိုင်ရန်အတွက် လူစားလဲမှုအချို့ပြုလုပ်ခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို သွင်းယူထားနိုင်ခြင်း မရှိခဲ့ပေ။ ပွဲချိန် ၅၇ မိနစ်တွင် ဂျူဗင်တပ်စ်အသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ချီယေဆာ၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုရာတာက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၆၀ တွင် ဂျူဗင်တပ်စ်အသင်း တတိယဂိုး ရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် မိုရာတာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးလူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း ပွဲချိန်ပြီးဆုံးသည်အထိ ဂိုးများထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် မတ် ၁၀ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# အိုဆာဆူနာကို နှစ်ဂိုးပြတ်အနိုင်ယူခဲ့တဲ့ ဘာစီလိုနာ

စပိန်လာလီဂါပွဲစဉ် (၂၆) အဖြစ် အိုဆာဆူနာအသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်ကို မတ် ၇ ရက် နံနက်ပိုင်းက အိုဆာဆူနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းအတွက် ဂိုးများကို အယ်ဘာနှင့် မိုရီဘာက သွင်းယူပေးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် မတ် ၁၁ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ပီအက်စ်ဂျီအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သော်လည်း ယနေ့ပွဲစဉ်တွင် အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ အိုဆာဆူနာအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲချိန် မိနစ် ၃၀ တွင် ဘာစီလိုနာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် အယ်ဘာက သွင်းယူပေးနိုင်ခဲ့သည်။ အိုဆာဆူနာအသင်းကလည်း ချေပဂိုးရရှိရန်အတွက် လူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ဝေးကွာခဲ့ရသည်။ ပွဲချိန် ၈၃ မိနစ်တွင် ဘာစီလိုနာအသင်း ဒုတိယဂိုး ရရှိခဲ့ပြီး မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုရီဘာက သွင်းယူပေးနိုင်ခဲ့သည်။ မိုရီဘာသည် ယနေ့ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် လာလီဂါတွင် ဘာစီလိုနာအသင်းအတွက် အသက်ငယ်ဆုံးဂိုးသွင်းယူနိုင်သည့် ငါးဦးမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။


အိုဆာဆူနာအသင်းဘက်သို့ ဂိုးသွင်းယူအပြီး အောင်ပွဲခံနေသည့် ဘာစီလိုနာအသင်းသားများ။

■ အောင်ဇော် - စုစည်းသည်


လက်စတာအသင်းမှ အမာတေ ဘရိုက်တန်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

# ဘရိုက်တန်ကို အနိုင်ယူခဲ့တဲ့ လက်စတာ

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ဘရိုက်တန်အသင်းနှင့် လက်စတာအသင်းတို့ပွဲစဉ်ကို မတ် ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လက်စတာအသင်းအတွက် ဂိုးများကို အီဟီယာနာချိုနှင့် အမာတေတို့က သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်၌ ဦးဆောင်ဂိုးကို ဘရိုက်တန်အသင်းက ပွဲချိန် ၁၀ မိနစ်တွင် ရရှိခဲ့သော်လည်း ဒုတိယပိုင်းတွင် ခွင့်ပြုပေးခဲ့ရသော ဂိုးများကြောင့် လက်စတာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘရိုက်တန်အသင်းသည် ယနေ့ပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် သုံးမှတ်သာ ကွာဟတော့သည်။ ဘရိုက်တန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁၄ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လက်စတာအသင်းက အမှတ်ပေးဇယားအောက်ဆုံးမှ ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ဝန်ထမ်းမဟုတ်သူတွေ၊ အကြောင်းကြောင်းကြောင့် ဝန်ထမ်းဆက်မလုပ်ချင်တော့တဲ့သူတွေနဲ့ နိုင်ငံရေး သွေးထိုးသူတွေရဲ့ ဖြားယောင်းမှုကြောင့်သာ CDM လှုပ်ရှားမှုမှာ ပါဝင်သွားကြရတာ

**ဦးနိုင်အောင်**

## အင်တာဗျူး – မြင့်မိုရ်

လတ်တလော နိုင်ငံတစ်ဝန်း CDM ( Civil Disobedience Movement) လှုပ်ရှားမှု၊ ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံရေး အမြတ်ထုတ် ဦးဆောင်သူများ၏ လုပ်ရပ်များသည် ယခုအခါ ပြည်သူများအကြားသာမက ဝန်ထမ်းများကြားပါ သွေးခွဲမှုများ ဖြစ်လာနေသည်။ ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့်လုပ်ရပ်များကိုသာ ဦးတည်နေသည့် CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ နိုင်ငံ့ဝန်ထမ်းများအား မက်လုံးပေး သွေးထိုးပေးနေခြင်းကြောင့် နိုင်ငံတစ်ဝန်း အလုပ်လက်မဲ့နှုန်း မြင့်သထက် မြင့်လာတော့မည်။ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများသွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြည်သူများအား အနှောင့်အယှက် ပေးနေခြင်း စသည့်အဖျက်အမှောင့်များအပြင် ဝန်ထမ်းထုများအကြား ဖြစ်ပေါ်ကြုံတွေ့နေမှုများကို ပြန်လည်မျှဝေရေးသားဖော်ပြလိုက်ပါသည်။

### ပတ်ဝန်းကျင်ပယောဂကြောင့် CDM လှုပ်ရှားမှုမှာပါဝင်ခဲ့

“ တကယ်တော့ စိတ်မကောင်းစွာနဲ့ပဲ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ တပည့်ဝန်ထမ်းအချို့ကို တစ်နေ့ကပဲ ယာယီရပ်ဆိုင်းတဲ့ အကြောင်းကြားစာ ပေးလိုက်ရပြီ။ ရုံးမှာတော်တဲ့ လိမ္မာတဲ့၊ ဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာ ပါသွားကြတယ်။ သူတို့လေးတွေနဲ့ အခုလို လမ်းခုလတ်မှာ ခွဲခွာရမယ်လို့ မျှော်လင့်ထင်မှတ်မထားဘူး။ လိမ္မာရေးခြားရှိပြီး တော်တဲ့ဝန်ထမ်းတွေအတွက် အတော်လေး စိတ်မကောင်းဖြစ်မိတယ်။ တချို့ဆို ရုံးမှာ တစ်နေကုန်နေလို့ စကားဆယ်ခွန်းပြည့်အောင် မပြောတဲ့သူတွေက ပတ်ဝန်းကျင်ပယောဂကြောင့် CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြရတယ်။ တပည့်မ ဝန်ထမ်းတစ်ဦးဆို မနေ့က ရုံးဝန်ထမ်းအဖြစ်ကနေ ယာယီရပ်နားတယ်ဆိုတဲ့ အကြောင်းကြားစာရောက်မှ ဖုန်းဆက်တယ်။ သူအဲဒီလိုစာအကြောင်းကြားစာ ရောက်မယ်ဆိုတာကို မယုံကြည်ဘူးဖြစ်နေတယ်။ တခြားဝန်ထမ်းတွေရဲ့ လှုံ့ဆော်မှုကြောင့်သာ သူပါသွားရတာ။ ရုံးဝန်ထမ်းတစ်ယောက်အနေနဲ့ ရုံးဘက်က ဘယ်လိုတွေ လုပ်မယ်။ ဝန်ထမ်းဥပဒေအရ ဘယ်လောက်ထိ ဖြစ်နိုင်တယ်ဆိုတာ သူတွေးထားပုံမရဘူး။

### ပြင်ပသွေးထိုးဖြားယောင်းမှု

“ကျွန်တော်လည်း တကယ်စိတ်မကောင်းဖြစ်မိတယ်။ ဝန်ထမ်းကောင်းတွေ အခုလို အလုပ်လက်မဲ့ဖြစ်သွားရတာ၊ တချို့ဆို တစ်သက်လုံးလုပ်လာတဲ့ ဒီရုံးလုပ်ငန်းကိုသံယောဇဉ် တကယ်တွယ်မိနေကြတာ။ တချို့ အစိုးရဝန်ထမ်းမဟုတ်တဲ့သူတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းဆက်မလုပ်ချင်တော့တဲ့သူတွေနဲ့ ပြင်ပသွေးထိုးသူတွေရဲ့ဖြားယောင်းမှုကြောင့်သာ CDM လှုပ်ရှားမှုမှာ ပါဝင်သွားကြတာ။ တချို့ ဝန်ထမ်းဆို ပတ်ဝန်းကျင်နဲ့ သူငယ်ချင်းတွေကနင်ရော CDM လှုပ်ရှားမှုထဲ မပါဘူးလား၊ ခဏခဏမေးတာနဲ့ CDM လုပ်ဖြစ်သွားကြတာတဲ့ ကဲပြီးရော။ တော်တော်လေးတော့ အံ့သြမိသွားတယ်။ အဲဒီလောက်ထိပဲ အတွေးအခေါ်တွေ နိမ့်ဆင်းသွားကြပြီလား။ တကယ်နိုင်ငံရေးခံယူချက် ဘာမှရှိလို့လုပ်တာမဟုတ်ဘူး။ ပြောရရင် သူများယောင်လို့သာ လိုက်ယောင်လိုက်ကြတာ။ တကယ်ပေးဆပ်လိုက်ရတာက ကိုယ့်ဝန်ထမ်းဘဝ တစ်ခုလုံး။ တကယ်တော့ မတန်ဘူးလေ။ နိုင်ငံရေးလုပ်စားမြောက်ပေးတဲ့သူတွေက လေပဲ ရင်းလိုက်ရတာ၊ ဝန်ထမ်းတွေက ဘဝတစ်ခုလုံး ပေးဆပ်လိုက်ရတယ် ” ဟု ဝန်ကြီးဌာနတစ်ခုတွင် ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနိုင်အောင် (အမည်လွှဲ) က CDM လှုပ်ရှားမှုတွင်ပါဝင်သော ဝန်ထမ်းများနှင့် ပတ်သက်၍ ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများအား အဘက်ဘက်မှ ထောက်ရှုကာ ဌာနအတွင်း ပြန်လည်အလုပ်ဝင်ရောက်လုပ်ကိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြဋ္ဌာန်းထားသော ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်ခေါ်ဆောင်ခြင်း၊ သတ်မှတ်အချိန်ကာလတစ်ခုအထိ စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းခြင်းများကို ဆောင်ရွက်ခဲ့ရာ တချို့ဝန်ထမ်းများမှာ လုပ်ငန်းခွင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော်လည်း နိုင်ငံရေးအမြတ်ထုတ်သူများ၏ စကားကိုနားယောင်မိနေသော ဝန်ထမ်းများမှာ ပိုးဖလံမျိုး မီးကိုတိုး ဆိုသလိုပဲ ဆက်လက်မိုက်နေဆဲပင်ဖြစ်သည်။

### လမ်းထွက်ပြီးအော်ဟစ်လှုပ်ရှားတာတော့ မလုပ်ပါဘူး

CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ ပါဝင်လှုပ်ရှားခဲ့သော ဌာနဆိုင်ရာတစ်ခုမှ ရုံးအုပ် တာဝန်ထမ်းဆောင်နေသော ဒေါ်ငွေငွေ (အမည်လွှဲ) က “ဖေဖော်ဝါရီ ၈ ရက်ကတည်းက ကျွန်မ ရုံးမသွားတော့ဘဲ CDM လှုပ်ရှားမှုထဲ ပါဝင်ခဲ့တာပါ။ ဒါပေမယ့် လမ်းထွက်ပြီးအော်ဟစ်လှုပ်ရှားတာတော့ မလုပ်ပါဘူး။ သူငယ်ချင်းတွေကခေါ်တယ်။ ဒါပေမယ့် အဲဒီလို လမ်းမပေါ်ထွက်ပြီး တစ်ခါမှလည်းမအော်ဖူးခဲ့သလို၊ အော်ရမယ့်အရွယ်လည်း မဟုတ်တော့ဘူးလေ။ ရုံးမှာ အလုပ်ဝင်တာ လုပ်သက် ၂၀ ကျော်ရှိပါပြီ။ တကယ်တော့ ဖေဖော်ဝါရီလဆန်းပိုင်းရက်ကတည်းက စိတ်ထဲမကြည်မလင်ဖြစ်နေခဲ့တာ။ ဒါပေမယ့် ဖေဖော်ဝါရီ ၈ ရက်မှ သူငယ်ချင်းတွေကရော သူတို့လည်းတစ်သားတည်းပဲ၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ပြောလာကြတာနဲ့ ရုံးမှာ CDM လှုပ်ရှားမှုမှာ ပါဝင်မယ် တရားဝင်ကြေညာပြီး ရုံးမတက်တော့တာ။

### တစ်ပါးသူကိုချနင်းပြီး နေရာဝင်ယူ

“ဒါပေမယ့် တချို့သူငယ်ချင်းတွေက အစပိုင်းတော့ CDM လှုပ်ရှားမှုမှာ စတင်ဦးဆောင် လှုံ့ဆော်ပါဝင်ပြီး နောက်လည်းကျရော အကြောင်းအမျိုးမျိုးပြပြီး သူတို့က ရုံးပြန်တက်နေကြတယ်လေ။ တကယ်တော့ ကျွန်မလည်း နိုင်ငံရေးအပြောင်းအလဲနဲ့ ပတ်သက်လို့ အစကတည်းက စိတ်မကောင်းတာတော့ရှိပေမယ့် အခုလို CDM လှုပ်ရှားမှုလုပ်ပြီး ရုံးမတက်ဖို့အထိ စိတ်ကူးမရှိခဲ့ဘူး။ သူတို့ရဲ့ စိတ်ဓာတ်အရင်းအမှန်ကို အခုသိလိုက်ရတာပဲ။ ယုန်အပြေးပျက်အောင် ခမောက်နဲ့ပေါက် ဆိုတဲ့ စကားပုံလို ကျွန်မ ခံလိုက်ရတာ။ ဝန်ထမ်းဘဝက အဲဒီလိုတွေ အများကြီးကြုံခဲ့ရတယ်။ ဌာနရာထူးတိုးကိစ္စတွေဆို ခဏခဏကြုံခဲ့လို့ ရိုးအီနေပြီ။ လုပ်သက်နည်းနည်းလေးနဲ့ သူ့လူ၊ ကိုယ့်လူဆိုပြီး ပုဂ္ဂိုလ်ရေးအရ ကိုယ့်ထက်အရင် တိုးမြှင့်ပေးတာတွေတောင် မေတ္တာပွားနိုင်ခဲ့တာ၊ တကယ်တော့ ဒီ CDM လှုပ်ရှားမှု အတွေ့အကြုံက နောင်တအကြီးကြီးရလိုက်တာပါ။ ဝန်ထမ်းဘဝမှာ ရိုးရိုးသားသားကြိုးစားလုပ်နေတဲ့သူတွေရှိသလို တစ်ပါးသူကိုချနင်းပြီး နေရာဝင်ယူနေချင်တဲ့သူတွေလည်း ရှိနေတော့ တစ်ခါတလေ အဲဒါတွေကို အထက်လူကြီးတွေ ကိုယ်ချင်းစာ၊ နားလည်ပြီး သိစေချင်တယ်။

လတ်တလော ဖြစ်ပေါ်နေသော နိုင်ငံရေးအမြတ်ထုတ်သူ လူတစ်စု ဦးဆောင်သည့် CDM လှုပ်ရှားမှုသည် ဝန်ထမ်းအများစု ပါဝင်လာမည်ဟု ထင်မှတ်မျှော်လင့်ယုံကြည်ထားသော်လည်း မြန်မာနိုင်ငံ ဝန်ထမ်းအားလုံး၏ လေးပုံတစ်ပုံ ခန့်သာ ပါဝင်လာသည်ကို တွေ့ရသည်။ တချို့အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ခဲ့သော်လည်း အများစုမှာ ပါဝင်နိုင်ခြင်းမရှိခဲ့သည်ကို ဌာနဆိုင်ရာများမှ ထုတ်ပြန်သော CDM လှုပ်ရှားမှုစာရင်းများကို ကြည့်ခြင်းအားဖြင့် သိနိုင်မည်ဖြစ်သည်။

### ခွချက် လုပ်နေတာတွေရှိ

“ တချို့ဝန်ထမ်းတွေက စစ်တုရင်အားကစားလိုပြောရရင် ခွချက်လုပ်နေတာတွေရှိတယ်။ CDM လှုပ်ရှားမှုစာရင်းထဲလည်း သူများတွေလို စာရင်းမတွေ့ရဘူး။ ရုံးတက်ပြီး အလုပ်လုပ်လားဆိုတော့လည်း အလုပ်လည်း လာတာမတွေ့ရဘူး။ အဲဒီလိုဝန်ထမ်းမျိုးတွေ ရှိသေးတယ်။ အရင်လကတော့ နှစ်ပတ်ဆင်း နှစ်ပတ်နား(သို့) တာဝန်ဆိုပြီး ဌာနမှူးတွေကတင်လာတော့ အကြောင်းအမျိုးမျိုးတွေကြောင့် ရောယောင်ပြီး နားလည်မှုပေးထားတာရှိတယ်။ ဒီမတ်လဆန်းပိုင်းကစပြီး ရုံးမတက်ရင်တော့ အကြောင်းမဲ့ ပျက်ကွက်၊ ခွင့်မဲ့ပျက်ကွက်ထဲ ဝန်ထမ်းဥပဒေနဲ့အညီ ထည့်သွင်းရမှာပဲ။

### ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနဲ့အညီ

“ ကျွန်တော်တို့အနေနဲ့ကလည်း ကြားအဆင့်တွေဆိုတော့ အထက်ကညွှန်ကြားမှုလည်း တာဝန်ကျေပွန်အောင်၊ အောက်ဝန်ထမ်းတွေကိုလည်း မနစ်နာရအောင် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနဲ့အညီ အမျိုးမျိုးထိန်းလုပ်ပေးရတာတွေရှိတယ်။ ဒါတွေကို ဝန်ထမ်းတွေအနေနဲ့ သိစေချင်တယ်၊ တချို့ဝန်ထမ်းတွေကျတော့လည်း ပြတ်ပြတ်သားသား CDM လှုပ်ရှားမှုထဲ ပါဝင်လိုက်တာတွေ ရှိသလို၊ အချို့ဝန်ထမ်းတွေကျတော့လည်း ဌာနမှူးနဲ့ပေါင်း ရုံးတက်ပြပြီး လစာလာထုတ်တာတွေ့ရတယ်။ ဒီလတော့မရတော့ဘူး။ အလုပ်မဆင်းရင် ဝန်ထမ်းဥပဒေနဲ့အညီ လုပ်ဆောင်ရတော့မှာဖြစ်တယ်” ဟု ဌာနဆိုင်ရာတစ်ခုတွင် မန်နေဂျာ တာဝန်ယူ ဆောင်ရွက်နေသော ဦးသိန်းဇော်(နာမည်လွှဲ) က ဝန်ထမ်းများ CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နေရမှုများကို ဖွင့်ဟပြောသည်။

နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ဌာနအတွင်း ရပ်တည်ချက် ခိုင်မာသော ဝန်ထမ်းများရှိသလို၊ ဝေခွဲမရဘဲ နှစ်ဖက်ခွချက်နင်းနေသော ဝန်ထမ်းများလည်း ရှိနေသည်ကို ဌာနဆိုင်ရာများတွင် တွေ့ကြုံနေကြရသည်။ တချို့ဝန်ထမ်းများသည် CDM လှုပ်ရှားမှုထဲသို့ ဆင်ကန်းတောတိုး လုပ်ဆောင်သွားသလို ဟိုလိုလို ဒီလိုလိုဖြင့် အခွင့်အရေးယူနေသော ဝန်ထမ်းများရှိနေ၍ ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ မလုပ်ဆောင်ခင် အမြင်မှန်ရစေလိုပါကြောင်း။

---

**မြန်မာ့အလင်း**
**အယ်ဒီတာ့ထံ ပေးစာ**

## လမ်းဘေးသစ်ပင်များ ဥပဒေမဲ့ ခုတ်လှဲနေမှုကို အမြန်ဆုံးတားဆီးပေးစေလို

သို့
အယ်ဒီတာခင်ဗျာ–

ကျွန်တော်ဟာ တာမွေမြို့နယ်တွင်းမှာ နေထိုင်သော ပြည်သူတစ်ဦးဖြစ်ပါတယ်။ ရန်ကုန်မြို့ တာမွေမြို့နယ်ဟာ ကျွန်တော်၏ ဇာတိချက်ကြွေ မွေးရပ်မြေ မဟုတ်သော်လည်း မိသားစုနှင့်အတူ နေထိုင်မှုပြုလာသည်မှာ နှစ်ပေါင်း ၃၅ နှစ်ကျော် ကြာမြင့်ခဲ့ပါပြီ။ ယခု ကျွန်တော်၏ အသက် ၅၅ နှစ်ကျော်ရှိတိုင် လမ်းဘေးသစ်ပင်၊ ပန်းမန်များနှင့် အေးချမ်းသာယာပြီး စီးပွားရေးအချက်အချာကျသည့် ဒီတာမွေမြို့နယ်လေးကို တန်ဖိုးထား၊ သံယောဇဉ်ဖြစ်မိနေသည်ကို မိမိကိုယ်မိမိ သတိမထားမိခဲ့ပါ။ ဒီကနေ့ လူတစ်စုရဲ့ မင်းမဲ့စရိုက်ဆန်စွာ လုပ်ရပ်များကြောင့် မြင်တွေ့လိုက်ရသည့် မြင်ကွင်းများက ကျွန်တော်၏ ပုန်းလျှိုနေသော စိတ်ခံစားမှုကို အတိုင်းသား နှိုးဆွပေးလိုက်သလို ဖြစ်သွားမိပါတယ်။

CDM လှုပ်ရှားမှုကို အကြောင်းပြု၍ နောက်ဆက်တွဲ အကျိုးဆက်များအဖြစ် ရပ်ကွက်နေပြည်သူများအကြား လူ့ကျင့်ဝတ်၊ စည်းကမ်းနှင့် လျော်ညီကန်မှု မရှိသည့် လုပ်ရပ်များကို တွေ့ကြုံနေရသည့် မြင်ကွင်းက ပြည်သူများ မခံမရပ်နိုင်သည်အထိ ဖြစ်နေရပါတယ်။ ယင်းအထဲတွင် အဆိုးဆုံးမှာ လမ်းဘေးသစ်ပင်များကို ဥပဒေမဲ့ ခုတ်လှဲကာ အများသူငါ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှု လုပ်ရပ်များသည် အတော်ပင် အရုပ်ဆိုးအကျည်းတန်မှုဖြစ်သလို၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုထိခိုက်စေပြီး ပြည်သူများအတွက်လည်း အနှောင့်အယှက်ပေးသလို ခံစားနေရပါတယ်။

သို့ဖြစ်၍ ရန်ကုန်မြို့ အများသူငါ လမ်းမကြီးများပေါ်နှင့် ရပ်ကွက်လမ်းသွယ်များအကြား အဖျက်အမှောင့် လုပ်ရပ်များဖြစ်သော ပတ်ဝန်းကျင်သစ်ပင် ခုတ်လှဲတားဆီးခြင်း၊ အကာအရံအမျိုးမျိုးဖြင့် ကာရံမှု လုပ်ဆောင်နေသူများအား ဥပဒေနှင့် အမြန်ဆုံး အရေးယူတားဆီးပေးပါရန် အယ်ဒီတာထံမှတစ်ဆင့် မေတ္တာရပ်ခံ တင်ပြအပ်ပါ တယ်ခင်ဗျာ။

တာမွေမြို့နယ်အတွင်းမှ
အေးချမ်းစွာနေထိုင်လိုသူ ပြည်သူတစ်ဦး။

---

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကိုမြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည် ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။ **စာတည်းအဖွဲ့**

## အမြန်ပြန်လာပါ

ကန့်ဘလူခရိုင်၊ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့၊ ချမ်းအေးသာယာရပ်ကွက်နေ ဦးစိန်၏ သမီး ဒေါ်ခင်သူဇာထွေး ၅/ကဘလ(နိုင်)၀၉၁၄၀၆ အသက်(၅၃)နှစ်သည် ၂၁-၇-၂၀၂၀ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ရောက်ရာအရပ်မှ အမြန် ပြန်လာပါရန်နှင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၅၄၇၃၆၆

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး (ဒုရဲမှူး-ငြိမ်း)ဦးအောင်မြင့် အသက်(၈၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)၊ ဆ-၄/၅၆၊ ၆၈လမ်း၊ ၁၀၇x၁၀၈ လမ်းကြားနေ (ကိုတိုး အောင်လေး)-မ၀င်းပပအောင်၊ ရဲအုပ် ကျော်ဇလ-မမြတ်ချောစု၊ ကိုထွဋ်ထွဋ်၀င်း-မသဲယုမွန်၊ ကိုလှိုင်မြင့်တို့၏ချစ်လှစွာသောဖခင်ကြီး၊မောင်မျိုးဇော်ကို၊ မောင်နေတိုး-မမေသူဇင်၊ မောင်ဖွဲ့ညီညီထွဋ်၊ မောင်ထွန်းသူရိန်ကျော်၊ မောင်သန့်သီဟအောင်၊ မောင်ဉာဏ်လင်းထက်တို့၏ ချစ်လှစွာသောအဘိုး၊ (ဒေါ်ခင်ဝင်း)၏ ခင်ပွန်းသည် ၆-၃-၂၀၂၁ရက် (စနေနေ့) နံနက် ၁၀:၂၀နာရီတွင် မိတ္ထီလာမြို့၊ တပ်မတော်စစ်ဆေးရုံ(ခုတင်- ၅၀၀)၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ရိပ်သာဆောင်၊ မုခ်ဦး ဒါယိကာမကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ဆိုက်တီ အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၉)နေ (ဦးရှောက်ရောင်-ဒေါ်ခါ)တို့၏သမီး၊ (ဦးလော-ဒေါ်ရှမ်လုံ)တို့၏ သမီးချွေးမ၊ (ဦးထွန်းလှိုင်)၏ ချစ်လှစွာသောဇနီး၊ (ဦးထွန်းသိန်း)-ဒေါ်ခင်ကြည်၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ငွေငွေမြင့်၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်လှလှတီ၊ ဦးသိန်းသန်း၊ ဒေါက်တာပြုံးပြုံးစိန်၊ ဦးသန်းငွေ-ဒေါ်သင်းသင်းညွန့်၊ ဒေါက်တာမြင့်စိုး-ဒေါ်ဝါဝါလှိုင်၊ ဒေါ်ခင်စပယ်လှိုင် တို့၏မိခင်၊ မောင်ကျော်လတ်ဦးထွန်း၊ (မောင်သိန်းလတ်လတ်ထွန်း)၊ ဒေါက်တာဖြိုးဟန်သိန်း၊ ဒေါက်တာစိုးလှိုင်သိန်း၊ မောင်သက်ပိုင်ငွေ-မအေးမွန်ခိုင်၊ ဒေါက်တာလင်းထက်အောင်-ဒေါက်တာဖူးပြည့်စုံငွေ၊ မအိဖြူသိန်း၊ မောင်ပြည့်စိုးထက်တို့၏အဘွား၊ မောင်ဘုန်းလင်းပြည့် ၏ဘွားဘွားကြီးသည် ၆-၃-၂၀၂၁ရက် (စနေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ဒေသနွား နွားပြာစိမ်း အမ(၁၂၀)ကောင်အား ဝယ်ယူသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါလာရောက် တင်သွင်းနိုင်ရေးအတွက် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | တင်ဒါခေါ်ယူသည့်ကာလ | - | ၈-၃-၂၀၂၁ရက်မှ ၇-၄-၂၀၂၁ရက်အထိ |
| ၂။ | တင်ဒါတင်သွင်းရမည့်အချိန် | - | နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း (အစိုးရရုံးပိတ်ရက်များမှအပ) |
| ၃။ | တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | - | ၇-၄-၂၀၂၁ရက် ညနေ ၄:၃၀နာရီအထိ |
| ၄။ | တင်ဒါလျှောက်လွှာများ ဝယ်ယူတင်သွင်းရမည့်နေရာ | - | ပြည်နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့ |
| ၅။ | ဖုန်းနံပါတ်များ | - | ၀၈၁-၂၀၆၄၄၅၊ ၀၈၁-၂၁၂၁၀၁၈ |

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဤရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ပြင်ဦးလွင်ခရိုင်တရားရုံး ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

ဒေါ်နီလာဝင်းကျော် နှင့် ၁။ ဦးတီတီလေး ၂။ ဦးစိုးမိုးအောင် ၃။ ဦးကျော်တင့်

တရားလို တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(၁၇၄)နေ ဦးတီတီလေး ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ (၃)ကွက်၊ အမှတ်(၁၂) နေ ဦးစိုးမိုးအောင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာ(၄)လမ်း၊ အမှတ်(၂၄၈)နေ ဦးကျော်တင့်(ယခုနေရပ်လိပ် စာမသိ) သူများသိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် မတ် ၂၃ရက် (၁၃၈၂ခုနှစ် တပေါင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နော်မာဂရက်သာမီး)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ် ၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၀၇/B)၊ ကွင်းအမည်-မ၀န်းတောင်ကွင်း၊ ဦးပိုင်အမှတ်(၆/၇)၊ အကျယ်အဝန်း(၁၆.၄၈)ဧက ရှိ ဦးစိန်လှအောင် (၁၂/ကမန (နိုင်) ၀၃၃၉၈၅) အမည်ပေါက် ပုံစံ-၇၊ ၁၀၅ လယ်မြေကွက်များကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစိန်လှအောင် (၁၂/ကမန (နိုင်) ၀၃၃၉၈၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၉၇၆၄၉၂၀၀၃ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ (၄)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်နှင့်အမည် (၅/ပေကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၆၆/က)၊ မြေဧရိယာ(၀ဒ၁သမ၁၅၅)ဧကရှိ အမည်ပေါက် ဒေါ်ကြီး ဘိုးဘပိုင်ခြံမြေကွက်နှင့်အဆောက်အအုံအား ဦးတင်မောင်နိုင်မှ မြေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှ ၁၅ရက်အတွင်း ရေတာရှည်မြို့နှင့်တောင်ငူခရိုင် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ (၁-က) စာရင်း၌ ဦးတင်မောင်နိုင်အမည်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၃/၂၀၁၇)(၂/၉၅၀)၊ ဦးစစ်ကိုလမ်း၊ တောင်ငူမြို့**
**ဖုန်း-၀၉-၄၂၈၁၆၆၄၅၅**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ (၃)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်နှင့်အမည် (၄/ဗိုလ်တဲရပ်)၊ ဦးပိုင်အမှတ်(၁၂၁/က)၊ မြေဧရိယာ(၀ဒ၁သမ၁၀၂)ဧကရှိ အမည်ပေါက် ဒေါ်အခင်း(ခ)နုနုခင် ဘိုးဘပိုင်ခြံမြေကွက်နှင့်အဆောက်အအုံအား ဒေါ်ကျော့ကျော့ဆန်းမှ မြေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ရေတာရှည်မြို့နှင့်တောင်ငူခရိုင် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ (၁-က)စာရင်း၌ ဒေါ်ကျော့ကျော့ဆန်း အမည်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၃/၂၀၁၇) (၂/၉၅၀)၊ ဦးစစ်ကိုလမ်း၊ တောင်ငူမြို့**
**ဖုန်း-၀၉-၄၂၈၁၆၆၄၅၅**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ (၁)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်နှင့်အမည် (၅/ရေတာရှည်ရွာမ)၊ ဦးပိုင်အမှတ်(၁၀၇/က)၊ မြေဧရိယာ(၀ဒ၁သမ၀၄၇)ဧကရှိ အမည်ပေါက် ဦးထွန်းကြိုင် ဘိုးဘပိုင်ခြံမြေကွက်နှင့်အဆောက်အအုံအား ဦးကျော်ဟိန်းမှ မြေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ရေတာရှည်မြို့နှင့်တောင်ငူခရိုင် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ (၁-က)စာရင်း၌ ဦးကျော်ဟိန်းအမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၃/၂၀၁၇) (၂/၉၅၀)၊ ဦးစစ်ကိုလမ်း၊ တောင်ငူမြို့**
**ဖုန်း-၀၉-၄၂၈၁၆၆၄၅၅**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစောငွေး ၃/မဝတ(နိုင်)၀၆၅၉၇၇ က ဦးမင်းကျော်ကျော်ဦးထံမှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ မြန်မာနန်းရပ်ကွက်၊ မြေကွက်အမှတ်(၁၁၂)၊ မြေအကျယ်ပေ(၄၀x၆၀)ရှိမြေကို ကာလပေါက်ဈေးဖြင့် ဝယ်ယူမည်ဖြစ်ရာ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဇင်မာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၂၆)**
**စမ်းကြီးအင်းဝိုင်း၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၉၆၂၇၈၀၉၄၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာအုပ်စု၊ သန့်စင်ကြယ်ကျေးရွာနေ ဦးမောင်မြင့်-ဒေါ်ထွေးရီ တို့၏သား မောင်သွင်မျိုးလင်း၊ ၉/ညဥန(နိုင်) ၁၃၉၅၃၇ သည် မိဘများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒသဘောအတိုင်း အိမ်မှဆင်းသွားပါသဖြင့် ၁-၃-၂၀၂၁ ရက်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမောင်မြင့်-ဒေါ်ထွေးရီ**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေးမျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီရယူနိုင်ပါတယ်**




**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ)၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**

# တရားမဲ့ဖမ်းဆီးခံရမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လူ့ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်မှုနှင့် ဖိအားပေးခြိမ်းခြောက်မှုခံကြရသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် အချို့သော ပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟု စွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံးတုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက် ပြုမူကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ **၁၂၄-ဃ**၊ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီး ပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းစသည်ဖြင့် ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ **၁၂၄-ဃ၊ ၅၀၅(က)**၊ ၅၀၅-က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံး ပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင် ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့ တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့ တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

*စာမျက်နှာ ၉ ကော်လံ ၁* ◆

## မာတိကာ

မတူကွဲပြားမှု၏ အလှတရား
ဆောင်းပါး စာမျက်နှာ - ၆

အီသီယိုပီးယား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၅၀၀၀ ကျော်အထိ ရှိလာ
စာမျက်နှာ - ၁၃

တိုကျိုမြို့၌ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကြေညာမှု အချိန်ထပ်တိုး
စာမျက်နှာ - ၁၄

ရခိုင်ပြည်နယ်တစ်လွှား ဗုဒ္ဓခြေတော်ရာများ
ဆောင်းပါး စာမျက်နှာ - ၂၀

ငါးများတွင် ဖြစ်ပွားလေ့ရှိသည့် ဗိုင်းရပ်စ် ငါးမျိုးနှင့် ရောဂါလက္ခဏာများ
စာမျက်နှာ - ၂၁

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၅၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၂,၄၅၃) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၃၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၇၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်း ဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အင်တာမီလန်နှင့် အတ္တလန္တာအသင်းတို့ တွေ့ဆုံနေသည့် စီးရီးအေပွဲစဉ် (၂၆)



အီတလီစီးရီးအေပွဲစဉ် (၂၆) အဖြစ် အင်တာမီလန်အသင်းနှင့် အတ္တလန္တာအသင်းတို့ ပွဲစဉ်ကို မတ် ၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် အင်တာမီလန် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အင်တာမီလန်အသင်းသည် နောက်ဆုံး ယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံခြောက်ပွဲတွင် တစ်ပွဲသရေကျပြီး ငါးပွဲအထိ နိုင်ပွဲရရှိထားသောကြောင့် ခြေစွမ်း အထူးကောင်းမွန်နေသည်။

*စာမျက်နှာ ၂၄ ကော်လံ ၁* ●